မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၂ ] ရန်ကုန်မြို့ { ၁၃၈၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက် ( ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၀ ရက် ) } သောကြာနေ့ [ အတွဲ ၇၃

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် (၅၀/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၁၃ ရက်

(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်)

**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄၊ ပုဒ်မခွဲ (က)၊ (ဃ) နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၉) တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးဗရတ်ဆင်းကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၂၅/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၉ ရက်

(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့်**
**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (က) ပါမောက္ခဒေါက်တာသိန်းမေစော | ပါမောက္ခချုပ်<br>ဆေးဝါးတက္ကသိုလ် (မန္တလေး)<br>ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန |

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (ခ) ဦးအောင်ခိုင်ထွန်း | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှု<br>အစီရင်ခံရေးဦးစီးဌာန<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ တရားစွဲနှင့် အမှုလိုက်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ဖြူမာဝေ ကို စီမံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၇၃/၂၀၁၉)

၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၉ ရက်
(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်)

### ဖားကန့်ဒေသရှိ ရွှေ့ပြောင်းအလုပ်သမားများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆိုင်ရာ လုပ်ငန်းအဖွဲ့ခွဲများအနက် အသက်မွေးဝမ်းကျောင်းသင်တန်းပေးရေးနှင့် အလုပ်အကိုင်ရှာဖွေပေးရေးလုပ်ငန်းအဖွဲ့ခွဲ ပြင်ဆင်ဖွဲ့စည်းခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၀၀/၂၀၁၈ ဖြင့် ဖွဲ့စည်းခဲ့သည့် ဖားကန့်ဒေသရှိ ရွှေ့ပြောင်းအလုပ်သမားများအတွက် ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆိုင်ရာ လုပ်ငန်းအဖွဲ့ခွဲများအနက် အသက်မွေးဝမ်းကျောင်းသင်တန်းပေးရေးနှင့် အလုပ်အကိုင် ရှာဖွေပေးရေးလုပ်ငန်းအဖွဲ့ခွဲတွင် ဥက္ကဋ္ဌအဖြစ် လူမှုရေးဝန်ကြီး၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ **အစား** ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအဖြစ်လည်းကောင်း၊ လူမှုရေးဝန်ကြီး၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ကို ပူးတွဲဥက္ကဋ္ဌအဖြစ်လည်းကောင်း ပြောင်းလဲ၍ ပြင်ဆင်ဖွဲ့စည်း လိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၇၄/၂၀၁၉)

၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၉ ရက်
(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်)

### အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်းနှင့် ချီးမြှင့်ငွေသတ်မှတ်ခြင်း

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးရှိ အရာထမ်း၊ အမှုထမ်းအခေါ်အဝေါ် များနှင့် လစာနှုန်းထားများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၅ ခုနှစ်၊ မတ်လ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်၊ ၂၃/၂၀၁၅ ဖြင့် ပြင်ဆင်သတ်မှတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ ယင်းပြင်ဆင်သတ်မှတ်ချက်အရ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၆/၂၀၁၆ အရ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ စီမံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နုနုယဉ် အား အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်အဖြစ် ပူးတွဲတာဝန်ပေးအပ်ခဲ့ရာ ၎င်းသည် ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့တွင် အငြိမ်းစားယူပြီးဖြစ်သဖြင့် ညွှန်ကြားရေးမှူးချုပ်အဆင့် သို့မဟုတ် ယင်းနှင့်တူညီသောအဆင့်တွင် တာဝန်ထမ်းဆောင်နေသည့် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဥပဒေ အကြံဉာဏ်ပေးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်သီတာဦး အား အမြဲတမ်းအတွင်းဝန်နှင့် ဆိုင်ရာဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် ပူးတွဲတာဝန်ပေးအပ်လိုက်သည်။

၃။ အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသည့် ဒေါက်တာဒေါ်သီတာဦး အား ညွှန်ကြားရေးမှူးချုပ် အဆင့် သို့မဟုတ် ယင်းနှင့်တူညီသောအဆင့်တွင် ထမ်းဆောင်ရသည့်တာဝန်များအပြင် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန၏ တာဝန်များကို ပူးတွဲတာဝန်ခံဆောင်ရွက်ရသည့်အတွက် နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၏ နည်းဥပဒေ ၆၀ နှင့်အညီ လစဉ် ကျပ် ၂၀၀,၀၀၀/- (ကျပ်နှစ်သိန်းတိတိ) ကို လက်ရှိခံစားလျက်ရှိသော လစာနှင့် စရိတ်အပြင် ချီးမြှင့်ငွေအဖြစ် ခံစားခွင့်ပြုလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၈၆/၂၀၁၉)

၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၉ ရက်
(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်)

## မြန်မာနိုင်ငံ ဆေးပညာရပ်ဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များဥပဒေ ထုတ်ပြန်ကြေညာခြင်း

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးပြီးဖြစ်သော **မြန်မာနိုင်ငံ ဆေးပညာရပ်ဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များဥပဒေ** (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၃။) ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး
ညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုလွှတ်တော်ရုံး

# မြန်မာနိုင်ငံ ဆေးပညာရပ်ဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များဥပဒေ

## (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၃။)

၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၉ ရက်
(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို**မြန်မာနိုင်ငံ ဆေးပညာရပ်ဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည်-

(က) **ဆေးပညာရပ်** ဆိုသည်မှာ အနောက်တိုင်းနည်းဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးသည့် ဆေးပညာရပ်၊ သွားနှင့် ခံတွင်းဆိုင်ရာ ဆေးပညာရပ်၊ သူနာပြုပညာရပ်၊ သားဖွားပညာရပ်၊ ဆေးဝါး ပညာရပ်၊ ဆေးဘက်ဆိုင်ရာနည်းပညာရပ်၊ ပြည်သူ့ကျန်းမာရေးပညာရပ်နှင့် အခြေခံကျန်းမာရေး ဆိုင်ရာ ပညာရပ်များကို ဆိုသည်။

(ခ) **လက်မှတ်**ဆိုသည်မှာ ပုဒ်မ ၇ ပါ တက္ကသိုလ်၊ ကောလိပ် သို့မဟုတ် သင်တန်းကျောင်းကအပ်နှင်းသော အသိအမှတ်ပြုလက်မှတ်ကို ဆိုသည်။ ယင်းစကားရပ်တွင် စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေး (Continuing Medical Education) နှင့် စဉ်ဆက်မပြတ် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု (Continuing Professional Development) များအတွက် ပေးအပ်သည့်လက်မှတ်များ မပါဝင်။

(ဂ) **ကြီးကြပ်ရေးကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော မြန်မာနိုင်ငံဆေးပညာရပ်ဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များ ကြီးကြပ်ရေးကော်မတီကို ဆိုသည်။

(ဃ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဆေးပညာရပ်ဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များ အပ်နှင်းပိုင်ခွင့်ရှိသည့် တက္ကသိုလ်၊ ကောလိပ်နှင့် သင်တန်းကျောင်းများကို ဥပဒေဖြင့် ပြဋ္ဌာန်းသတ်မှတ်နိုင်ရန်၊

(ခ) ဆေးပညာရပ်ဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များအပ်နှင်းပိုင်ခွင့်ရှိသည့် တက္ကသိုလ်၊ ကောလိပ်နှင့် သင်တန်းကျောင်းများ၏ အရည်အသွေးကို ထိန်းသိမ်းနိုင်ရန်၊

(ဂ) ဆေးပညာရပ်ဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များကို အပ်နှင်းပိုင်ခွင့်ရှိသည့် တက္ကသိုလ်၊ ကောလိပ်နှင့် သင်တန်းကျောင်းများသည် နိုင်ငံတော်က ချမှတ်ထားသော အမျိုးသားပညာရေး မူဝါဒ၊ ကျန်းမာရေးမူဝါဒများနှင့်အညီ ဖြစ်စေရန်၊

(ဃ) ဆေးပညာရပ်ဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များကို အသုံးပြုရာတွင် ဥပဒေနှင့်အညီ ဖြစ်စေရန်။

## အခန်း (၃)
## မြန်မာနိုင်ငံ ဆေးပညာရပ်ဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များ ကြီးကြပ်ရေးကော်မတီ၊ လုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏လုပ်ငန်းတာဝန်များ

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) မြန်မာနိုင်ငံ ဆေးပညာရပ်ဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များ ကြီးကြပ်ရေးကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၃) | အမြဲတမ်းအတွင်းဝန်<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့ကျန်းမာရေး/ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံဆေးကောင်စီ | အဖွဲ့ဝင် |
| (၆) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ | အဖွဲ့ဝင် |
| (၇) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံသွားနှင့် ခံတွင်းဆိုင်ရာဆေးကောင်စီ | အဖွဲ့ဝင် |

(၈) ဥက္ကဋ္ဌ　　အဖွဲ့ဝင်
မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီ

(၉) ပါမောက္ခချုပ် တစ်ဦးစီ　　အဖွဲ့ဝင်
ဆေးတက္ကသိုလ်များ

(၁၀) ပါမောက္ခချုပ်　　အဖွဲ့ဝင်
တပ်မတော်ဆေးတက္ကသိုလ်

(၁၁) ပါမောက္ခချုပ် တစ်ဦးစီ　　အဖွဲ့ဝင်
သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များ

(၁၂) ပါမောက္ခချုပ် တစ်ဦးစီ　　အဖွဲ့ဝင်
ဆေးဝါးတက္ကသိုလ်များ

(၁၃) ပါမောက္ခချုပ် တစ်ဦးစီ　　အဖွဲ့ဝင်
ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်များ

(၁၄) ပါမောက္ခချုပ် တစ်ဦးစီ　　အဖွဲ့ဝင်
သူနာပြုတက္ကသိုလ်များ

(၁၅) ပါမောက္ခချုပ်　　အဖွဲ့ဝင်
တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်

(၁၆) ပါမောက္ခချုပ်　　အဖွဲ့ဝင်
ပြည်သူ့ကျန်းမာရေးတက္ကသိုလ်

(၁၇) ပါမောက္ခချုပ်　　အဖွဲ့ဝင်
အခြေခံကျန်းမာရေးတက္ကသိုလ်

(၁၈) ညွှန်ကြားရေးမှူးချုပ်　　အတွင်းရေးမှူး
ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းထားသော ကြီးကြပ်ရေးကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ကြီးကြပ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဆေးပညာရပ်ဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များ အပ်နှင်းခြင်းနှင့်စပ်လျဉ်းသည့် မူဝါဒများ ချမှတ်ခြင်း၊

(ခ) လုပ်ငန်းကော်မတီနှင့် လိုအပ်သောအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(ဂ) လုပ်ငန်းကော်မတီနှင့် အဖွဲ့များ၏ ဆောင်ရွက်မှုများကို ကြီးကြပ်ခြင်း၊

(ဃ) ဤဥပဒေအရ ဆေးပညာရပ်ဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များ အပ်နှင်းပိုင်ခွင့်ရှိသည့် တက္ကသိုလ်၊ ကောလိပ်နှင့် သင်တန်းကျောင်းများကို အသိအမှတ်ပြုခြင်း၊

(င) သက်ဆိုင်ရာ ဆေးပညာရပ်အလိုက် ဖွင့်လှစ်ထားသော တက္ကသိုလ်၊ ကောလိပ်နှင့် သင်တန်းကျောင်းများမှ အပ်နှင်းသော ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များ သတ်မှတ်မှုကို စိစစ်ခြင်း။

၆။ (က) ကြီးကြပ်ရေးကော်မတီသည် လုပ်ငန်းကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(၁) ညွှန်ကြားရေးမှူးချုပ်　　ဥက္ကဋ္ဌ
ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန

(၂) ဒုတိယညွှန်ကြားရေးမှူးချုပ် (ဝန်ထမ်းရေးရာ)　　အဖွဲ့ဝင်
ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန

(၃) ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ/ဘဏ္ဍာ) ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန — အဖွဲ့ဝင်

(၄) ညွှန်ကြားရေးမှူး (သတင်းအချက်အလက်) ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန — အဖွဲ့ဝင်

(၅) ညွှန်ကြားရေးမှူး (သူနာပြု) ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန — အဖွဲ့ဝင်

(၆) ဒုတိယညွှန်ကြားရေးမှူးချုပ် (သင်ကြားရေး) ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန — အတွင်းရေးမှူး

(၇) ညွှန်ကြားရေးမှူး (လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှု) ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန — တွဲဖက်အတွင်းရေးမှူး (၁)

(၈) ညွှန်ကြားရေးမှူး (စည်းမျဉ်း၊ စည်းကမ်း/စစ်ဆေးရေး) ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန — တွဲဖက်အတွင်းရေးမှူး (၂)

(ခ) ကြီးကြပ်ရေးကော်မတီသည် ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(ဂ) လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) လိုအပ်သောအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(၂) ဤဥပဒေအရ ဆေးပညာရပ်ဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များ အပ်နှင်းပိုင်ခွင့်ရှိသည့် တက္ကသိုလ်၊ ကောလိပ်နှင့် သင်တန်းကျောင်းများ၏ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များ အပ်နှင်းမှု အခြေအနေကို-

(ကက) စိစစ်၍ ကြီးကြပ်ရေးကော်မတီသို့ တင်ပြလမ်းညွှန်မှု ခံယူခြင်း၊

(ခခ) လိုအပ်ပါက သက်ဆိုင်ရာ ပညာရှင်များ၏ အကြံဉာဏ်ကို ရယူညှိနှိုင်းစိစစ်၍ ကြီးကြပ်ရေးကော်မတီသို့ တင်ပြလမ်းညွှန်မှု ခံယူခြင်း။

(၃) ကြီးကြပ်ရေးကော်မတီက ပေးအပ်သော တာဝန်ကို ဆောင်ရွက်ခြင်း။

## အခန်း (၄)

## ဆေးပညာရပ်ဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များအပ်နှင်းပိုင်ခွင့်ရှိသည့် တက္ကသိုလ်၊ ကောလိပ်နှင့် သင်တန်းကျောင်းများ

၇။ အောက်ဖော်ပြပါ တက္ကသိုလ်၊ ကောလိပ်နှင့် သင်တန်းကျောင်းများသည် သက်ဆိုင်ရာ ဆေးပညာရပ်ဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များကို အပ်နှင်းပိုင်ခွင့်ရှိသည်-

(က) ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တက္ကသိုလ်ပညာရေးဥပဒေအရ တည်ထောင်ထားသော တက္ကသိုလ်များ၊

(ခ) ဝန်ကြီးဌာနနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) အောက်ရှိ တက္ကသိုလ်၊ ကောလိပ်နှင့် သင်တန်းကျောင်းများ၊

(ဂ) ဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် ဖွင့်လှစ်သော ပုဂ္ဂလိကတက္ကသိုလ်၊ ကောလိပ်နှင့် သင်တန်းကျောင်းများ။

## အခန်း (၅)

## တားမြစ်ချက်၊ ပြစ်မှုနှင့် ပြစ်ဒဏ်များ

၈။ မည်သူမျှ အောက်ပါပြုလုပ်မှုတစ်ခုခုကို မပြုရ-

(က) ပုဒ်မ ၇ ပါ အပ်နှင်းပိုင်ခွင့်ရှိသည့် တက္ကသိုလ်၊ ကောလိပ်နှင့် သင်တန်းကျောင်းများမှအပ အခြားဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်က ဆေးပညာရပ်ဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များကိုအပ်နှင်းခြင်း၊

(ခ) ပုဒ်မခွဲ (က) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ရာတွင် အားထုတ်ခြင်း သို့မဟုတ် အားပေးကူညီခြင်း။

၉။ မည်သူမျှ ပုဒ်မ ၇ ပါ အပ်နှင်းပိုင်ခွင့်ရှိသည့် တက္ကသိုလ်၊ ကောလိပ်နှင့် သင်တန်းကျောင်းများက အပ်နှင်းသည့် ဘွဲ့၊ ဒီပလိုမာ သို့မဟုတ် လက်မှတ်မရရှိဘဲ အဆိုပါဆေးပညာရပ်ဆိုင်ရာ ဘွဲ့၊ ဒီပလိုမာ၊ လက်မှတ်အခေါ်အဝေါ်များကို မိမိအမည်နှင့်ယှဉ်တွဲ၍ သုံးစွဲဖော်ပြခြင်း မပြုရ။

၁၀။ မည်သူမဆို ပုဒ်မ ၈ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၅၀ မှ အများဆုံး ကျပ်သိန်း ၁၀၀ ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၁၁။ မည်သူမဆို ပုဒ်မ ၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး တစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ် ၂၅ သိန်းမှ အများဆုံး ကျပ်သိန်း ၅၀ ထိ ငွေဒဏ်လည်း ချမှတ်ရမည်။

၁၂။ မည်သူမဆို ပုဒ်မ ၁၁ အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီးနောက် ယင်းပြစ်မှုကို ထပ်မံဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်သိန်း ၅၀ မှ အများဆုံး ကျပ်သိန်း ၁၀၀ ထိ ငွေဒဏ်လည်း ချမှတ်ရမည်။

## အခန်း (၆)
## အထွေထွေ

၁၃။ ဝန်ကြီးဌာနသည်-

(က) ကြီးကြပ်ရေးကော်မတီ၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည်။

(ခ) နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကြီးကြပ်ရေးကော်မတီအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့်စရိတ်ကို မိမိဘဏ္ဍာရန်ပုံငွေမှ ကျခံရမည်။

၁၄။ ဤဥပဒေပုဒ်မ ၁၁ ပါ ပြစ်မှုကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုအဖြစ် သတ်မှတ်သည်။

၁၅။ ဤဥပဒေပါ ပြစ်မှုကို ဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်ဖြင့်သာ တရားစွဲဆိုရမည်။

၁၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ကြီးကြပ်ရေးကော်မတီတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၁၇။ The Burma Medical Degrees Act (India Act VII, 1916) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

### အမိန့်ကြော်ငြာစာအမှတ် (၈၉/၂၀၁၉)

၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်

(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်)

### လွှတ်တော်ပုံမှန်အစည်းအဝေးများ ကျင်းပပြုလုပ်ရန် လျာထားချက်ထုတ်ပြန်ခြင်း

၁။ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁ ရက်မှ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်အထိ ကာလအတွင်း ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ ပုံမှန်အစည်းအဝေးများကို အောက်ပါအတိုင်း ကျင်းပပြုလုပ်ရန် လျာထားပါသည်-

(က) (၁၅) ကြိမ်မြောက် ။ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၇ ရက်မှ မတ်လ ၂၆ ရက်အထိ။

(ခ) (၁၆) ကြိမ်မြောက် ။ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၇ ရက်မှ ဇွန်လ ၅ ရက်အထိ။

(ဂ) (၁၇) ကြိမ်မြောက် ။ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၃ ရက်မှ စက်တင်ဘာလ ၄ ရက်အထိ။

၂။ လျာထားကာလအတွင်း လွှတ်တော်အလိုက် အစည်းအဝေးကျင်းပပြုလုပ်မည့် နေ့ရက်များကို လွှတ်တော်ရုံးအချင်းချင်းညှိနှိုင်း၍ သတ်မှတ်ဆောင်ရွက်မည်။

၃။ အထက်အပိုဒ် ၁ ပါ သတ်မှတ်ကာလများသည် လျာထားချက်ဖြစ်သည့်အားလျော်စွာ လွှတ်တော်အသီးသီး၏ လွှတ်တော်ဆိုင်ရာ လုပ်ငန်းတာဝန်အပေါ် မူတည်၍ ပြောင်းလဲမှုရှိနိုင်ကြောင်း ထုတ်ပြန်လိုက်သည်။

(ပုံ) တီခွန်မြတ်
နာယက
ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၁၀၅၆/၂၀၁၉)

၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၈ ရက်

(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ဒုတိယတန်းရာဇဝတ်အာဏာရ မြို့နယ်တရားသူကြီးများအား ပထမတန်းရာဇဝတ်အာဏာနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၈၊ ၁၁၀၊ ၁၄၃၊ ၁၈၆၊ ၁၉၀၊ ၁၉၂၊ ၂၆၀၊ ၄၀၇၊ ၅၂၄ တို့အရ စစ်ဆေးနိုင်သည့် ရာဇဝတ်အာဏာအပ်နှင်းလိုက်သည်-

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
| --- | --- | --- |
| ၁။ | ဦးထက်နောင်မြင့် တ/၃၄၁၃ | မတူပီ ချင်းပြည်နယ် |
| ၂။ | ဦးကောင်းထက်အောင် တ/၃၅၂၂ | ကွမ်းလုံ ရှမ်းပြည်နယ် |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၂၂၆/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၁၃ ရက်

(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်)

**မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ဦးသောင်းတင် ကို စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင် (၁) အဖြစ် စတင်တာဝန်ထမ်းဆောင်သည့်နေ့မှ စ၍ တာဝန်ပေးအပ်လိုက်သည်။

လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၂၂၇/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၁၃ ရက်

(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်)

**မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ဦးသိန်းဝင်း ကို စစ်ကိုင်းတိုင်းဒေသကြီး၊ အရာတော်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင် (၂) အဖြစ် စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တာဝန်ပေးအပ်လိုက်သည်။

လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**e-ID စနစ်လုပ်ငန်းကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက်

(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်)

**ဥပဒေ၊ နည်းဥပဒေရေးဆွဲရေးဆပ်ကော်မတီတွင် အဖွဲ့ဝင်ဖြည့်စွက်ဖွဲ့စည်းခြင်း**

၁။ e-ID စနစ်လုပ်ငန်းကော်မတီအား အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန်အတွက် e-ID စနစ်လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရေးလုပ်ငန်းကော်မတီအောက်တွင် ဆပ်ကော်မတီ (၆) ခုအား e-ID စနစ်လုပ်ငန်းကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၉) ဖြင့် ဖွဲ့စည်းခဲ့ပြီးဖြစ်ပါသည်။

၂။ အဆိုပါဖွဲ့စည်းထားသည့် ဆပ်ကော်မတီများမှ ဥပဒေ၊ နည်းဥပဒေရေးဆွဲရေးဆပ်ကော်မတီတွင် အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သွယ်စိုးပိုင် အား အဖွဲ့ဝင်အဖြစ် ထပ်မံဖြည့်စွက်ဖွဲ့စည်းလိုက်သည်။

သိန်းဆွေ
ဥက္ကဋ္ဌ
e-ID စနစ်လုပ်ငန်းကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်**

**ညွှန်ကြားချက်အမှတ် (၂/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်
(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်)

မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်သည် စားသုံးသူကာကွယ်ရေးဥပဒေပုဒ်မ ၈၃၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

**ကုန်စည်များတွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ တွဲလျက်ဖြစ်စေ ဖော်ပြရာ၌ "စီးပွားရေးလုပ်ငန်းရှင်များ" လိုက်နာဆောင်ရွက်ရန် ညွှန်ကြားချက်**

၁။ စားသုံးသူကာကွယ်ရေးဥပဒေပုဒ်မ ၁၊ ပုဒ်မခွဲ (ခ) အရ ဤဥပဒေ အခန်း (၁၈) ပါ ကုန်အညွှန်းအမှတ်အသားဆိုင်ရာ ပြဋ္ဌာန်းချက်များသည် ဥပဒေပြဋ္ဌာန်းပြီး တစ်နှစ်ပြည့်မြောက်ပြီးသည့်နေ့ရက်ဖြစ်သော ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၆ ရက်နေ့မှစတင်၍ အာဏာတည်မည်ဖြစ်သည်။

၂။ သို့ဖြစ်ပါ၍ စားသုံးသူကာကွယ်ရေးဥပဒေပုဒ်မ ၄၃ အရ စီးပွားရေးလုပ်ငန်းရှင်သည် ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်းနှင့်စပ်လျဉ်း၍ ကုန်စည်များတွင် အောက်ပါအချက်များကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍တွဲလျက်ဖြစ်စေ ဖော်ပြရာ၌ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်နိုင်ရန် ကုန်စည်အမျိုးအစားအလိုက် အသေးစိတ်ညွှန်ကြားချက်ကို နောက်ဆက်တွဲပါဇယားအတိုင်း ထုတ်ပြန်လိုက်သည်-

(က) ကုန်စည်၏ အမျိုးအမည်၊

(ခ) အရွယ်အစား၊ အရေအတွက်နှင့် အသားတင်ပမာဏ၊

(ဂ) ထားသိုသိမ်းဆည်းမှုအညွှန်း၊

(ဃ) သုံးစွဲပုံနည်းလမ်း၊

(င) ကျန်းမာရေးဆိုင်ရာ ဘေးထွက်ဆိုးကျိုး၊

(စ) ခါတ်မတည့်ကြောင်းဖော်ပြချက်၊

(ဆ) ကြိုတင်သတိပေးချက်။

၃။ အထက်အပိုဒ် (၂) ပါ ထုတ်ပြန်ချက်ကို လိုက်နာမှုမရှိပါက စားသုံးသူကာကွယ်ရေးဥပဒေပုဒ်မ ၇၃ အရ အရေးယူခြင်းခံရမည်ဖြစ်ပါသည်။ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် လိုက်နာဆောင်ရွက်ရာတွင် အခက်အခဲမရှိစေရန် နောက်ဆက်တွဲပါ ဇယားအတိုင်း လိုက်နာဆောင်ရွက်ရန် ညွှန်ကြားလိုက်သည်။

ဒေါက်တာသန်းမြင့်
ဥက္ကဋ္ဌ
မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်

နောက်ဆက်တွဲ

## ကုန်စည်အုပ်စုအလိုက် မြန်မာဘာသာဖြင့် ကုန်အညွှန်းအမှတ်အသားဖော်ပြရမည့် အသေးစိတ်စိစစ်ချက်

### ကုန်စည်အုပ်စု (က) အစားအသောက်များ

| စဉ် | ကုန်ပစ္စည်း | အမျိုးအမည် | အရွယ်အစား အရေအတွက်၊ အသားတင်ပမာဏ | သုံးစွဲပုံနည်းလမ်း | ထားသိုသိမ်းဆည်းမှုအညွှန်း | ဓာတ်မတည့်ကြောင်းဖော်ပြချက် | ဘေးထွက်ဆိုးကျိုး | ကြိုတင်သတိပေးချက် |
|---|---|---|---|---|---|---|---|---|
| (၁) | အချိုရည်နှင့် ယိုမျိုးစုံ | | | | | | | |
| | (က) အသင့်သောက်အချိုရည် | | | | | | | |
| | (ခ) Cordial, Squash, Concentrate | | | | | | | |
| (၂) | နို့နှင့် နို့ထွက်ပစ္စည်းအမျိုးမျိုး | | | | | | | |
| (၃) | အသားနှင့် အသားထွက်ပစ္စည်းအမျိုးမျိုး | | | | | | | |
| (၄) | ရေထွက်ပစ္စည်းအမျိုးမျိုး | | | | | | | |
| (၅) | ဥနှင့် ဥထွက်ပစ္စည်းအမျိုးမျိုး | | | | | | | |
| (၆) | စည်သွတ်အစားအစာအမျိုးမျိုး | | | | | | | |
| (၇) | စားသုံးဆီအမျိုးမျိုး | | | | | | | |
| (၈) | အသင့်ဖျော်ကော်ဖီနှင့် လက်ဖက်ရည်ထုပ်အမျိုးမျိုး | | | | | | | |
| (၉) | အသင့်စားခေါက်ဆွဲခြောက်ထုပ်အမျိုးမျိုး | | | | | | | |
| (၁၀) | အရန်သင့်အစားအစာအမျိုးမျိုး | | | | | | | |
| (၁၁) | အေးခဲအစားအစာအမျိုးမျိုး | | | | | | | |
| (၁၂) | သောက်ရေသန့်အမျိုးမျိုး | | | | | | | |
| (၁၃) | ဟင်းလျာများတွင် အရောင်၊ အနံ့၊ အရသာအတွက် အသုံးပြုသောပစ္စည်းအမျိုးမျိုး | | | | | | | |
| (၁၄) | ငရုတ်ဆီနှင့် အချဉ်ရည်အမျိုးမျိုး | | | | | | | |
| (၁၅) | အသင့်စားမုန့်အမျိုးမျိုး | | | | | | | |
| (၁၆) | ကလေးအာဟာရဖြည့်စွက်စာအမျိုးမျိုး | | | | | | | |
| (၁၇) | ကွမ်းစားဆေးအမျိုးမျိုး | | | | | | | |
| (၁၈) | ဆေးလိပ်အမျိုးမျိုး | | | | | | | |
| (၁၉) | ယမကာအမျိုးမျိုး | | | | | | | |
| (၂၀) | အခြားပြုပြင်ထုပ်ပိုး/ထုတ်လုပ်ထားသော စားသောက်ကုန်အမျိုးမျိုး | | | | | | | |

### ကုန်စည်အုပ်စု (ခ) အိမ်သုံးပစ္စည်းများ

| စဉ် | ကုန်ပစ္စည်း | အမျိုးအမည် | အရွယ်အစား အရေအတွက်၊ အသားတင်ပမာဏ | သုံးစွဲပုံနည်းလမ်း | ထားသိုသိမ်းဆည်းမှုအညွှန်း | ဓာတ်မတည့်ကြောင်းဖော်ပြချက် | ဘေးထွက်ဆိုးကျိုး | ကြိုတင်သတိပေးချက် |
|---|---|---|---|---|---|---|---|---|
| (၁) | အိမ်သုံးလျှပ်စစ်ပစ္စည်းအမျိုးမျိုး | | | | | | | |
| (၂) | အီလက်ထရောနစ်ပစ္စည်းအမျိုးမျိုး | | | | | | | |

**ကုန်စည်အုပ်စု (ဂ) ကလေးအသုံးအဆောင်ပစ္စည်းများ**

| စဉ် | ကုန်ပစ္စည်း | အမျိုးအမည် | အရွယ်အစား အရေအတွက်၊ အသားတင် ပမာဏ | သုံးစွဲပုံ နည်းလမ်း | ထားသို သိမ်းဆည်းမှု အညွှန်း | ဓာတ်မတည့် ကြောင်း ဖော်ပြချက် | ဘေးထွက် ဆိုးကျိုး | ကြိုတင် သတိပေး ချက် |
|---|---|---|---|---|---|---|---|---|
| (၁) | ကလေးလက်တွန်းလှည်းပစ္စည်း အမျိုးမျိုး | | | | | | | |
| (၂) | ကလေးလမ်းလျှောက်ကွင်းပစ္စည်း အမျိုးမျိုး | | | | | | | |
| (၃) | ကလေးကစားစရာအရုပ်နှင့် ပစ္စည်းအမျိုးမျိုး | | | | | | | |
| (၄) | ကလေးပုခက်အမျိုးမျိုး | | | | | | | |
| (၅) | ကလေးတစ်ကိုယ်ရေသန့်ရှင်းရေးသုံး ပစ္စည်းအမျိုးမျိုး | | | | | | | |

**ကုန်စည်အုပ်စု (ဃ) ဆက်သွယ်ရေးပစ္စည်းများ**

| စဉ် | ကုန်ပစ္စည်း | အမျိုးအမည် | အရွယ်အစား အရေအတွက်၊ အသားတင် ပမာဏ | သုံးစွဲပုံ နည်းလမ်း | ထားသို သိမ်းဆည်းမှု အညွှန်း | ဓာတ်မတည့် ကြောင်း ဖော်ပြချက် | ဘေးထွက် ဆိုးကျိုး | ကြိုတင် သတိပေး ချက် |
|---|---|---|---|---|---|---|---|---|
| (၁) | ကြိုးဖုန်းအမျိုးမျိုး | | | | | | | |
| (၂) | ကြိုးမဲ့ဖုန်းအမျိုးမျိုး | | | | | | | |
| (၃) | လက်ကိုင်ဖုန်းအမျိုးမျိုး | | | | | | | |
| (၄) | ဖုန်းဆက်စပ်ပစ္စည်းအမျိုးမျိုး | | | | | | | |

**ကုန်စည်အုပ်စု (င) ဆေးဝါးနှင့် ဖြည့်စွက်စာများ**

| စဉ် | ကုန်ပစ္စည်း | အမျိုးအမည် | အရွယ်အစား အရေအတွက်၊ အသားတင် ပမာဏ | သုံးစွဲပုံ နည်းလမ်း | ထားသို သိမ်းဆည်းမှု အညွှန်း | ဓာတ်မတည့် ကြောင်း ဖော်ပြချက် | ဘေးထွက် ဆိုးကျိုး | ကြိုတင် သတိပေး ချက် |
|---|---|---|---|---|---|---|---|---|
| (၁) | ဆရာဝန်ညွှန်ကြားချက်မလိုသော အိမ်သုံးဆေးဝါးသောက်ဆေး အမျိုးမျိုး | | | | | | | |
| (၂) | ဆရာဝန်ညွှန်ကြားချက်မလိုသော အိမ်သုံးဆေးဝါးလိမ်းဆေး အမျိုးမျိုး | | | | | | | |
| (၃) | အာဟာရဖြည့်စွက်စာအမျိုးမျိုး | | | | | | | |
| (၄) | တိုင်းရင်းဆေးအမျိုးမျိုး | | | | | | | |

**ကုန်စည်အုပ်စု (စ) အလှကုန်ပစ္စည်းများ**

| စဉ် | ကုန်ပစ္စည်း | အမျိုးအမည် | အရွယ်အစား အရေအတွက်၊ အသားတင် ပမာဏ | သုံးစွဲပုံ နည်းလမ်း | ထားသို သိမ်းဆည်းမှု အညွှန်း | ဓာတ်မတည့် ကြောင်း ဖော်ပြချက် | ဘေးထွက် ဆိုးကျိုး | ကြိုတင် သတိပေး ချက် |
|---|---|---|---|---|---|---|---|---|
| (၁) | အလှကုန်ပစ္စည်းအမျိုးမျိုး (၁၀ ဂရမ် အထက်) | | | | | | | |
| (၂) | အလှကုန်ပစ္စည်းအမျိုးမျိုး (၁၀ ဂရမ်နှင့် အောက်) | | | | | | | |
| (၃) | ဆံပင်ပြုပြင်ရန်သုံးစွဲပစ္စည်းအမျိုးမျိုး | | | | | | | |

## ကုန်စည်အုပ်စု (ဆ) လူသုံးကုန်ပစ္စည်းများ

| စဉ် | ကုန်ပစ္စည်း | အမျိုးအမည် | အရွယ်အစား အရေအတွက်၊ အသားတင် ပမာဏ | သုံးစွဲပုံ နည်းလမ်း | ထားသို သိမ်းဆည်းမှု အညွှန်း | ဓာတ်မတည့် ကြောင်း ဖော်ပြချက် | ဘေးထွက် ဆိုးကျိုး | ကြိုတင် သတိပေး ချက် |
|---|---|---|---|---|---|---|---|---|
| (၁) | သွားတိုက်ဆေးအမျိုးမျိုး | | | | | | | |
| (၂) | ဆပ်ပြာအရည်အမျိုးမျိုး | | | | | | | |
| (၃) | ဆပ်ပြာအခဲအမျိုးမျိုး | | | | | | | |
| (၄) | ဆပ်ပြာအမှုန့်အမျိုးမျိုး | | | | | | | |

## ကုန်စည်အုပ်စု (ဇ) လုပ်ငန်းသုံးပစ္စည်းများ

| စဉ် | ကုန်ပစ္စည်း | အမျိုးအမည် | အရွယ်အစား အရေအတွက်၊ အသားတင် ပမာဏ | သုံးစွဲပုံ နည်းလမ်း | ထားသို သိမ်းဆည်းမှု အညွှန်း | ဓာတ်မတည့် ကြောင်း ဖော်ပြချက် | ဘေးထွက် ဆိုးကျိုး | ကြိုတင် သတိပေး ချက် |
|---|---|---|---|---|---|---|---|---|
| (၁) | စိုက်ပျိုးရေးသုံး ဆေးဖျန်းကိရိယာ အမျိုးမျိုး | | | | | | | |
| (၂) | ကျန်းမာရေးအထောက်အကူပြု အသုံးအဆောင်ပစ္စည်းအမျိုးမျိုး | | | | | | | |

မှတ်ချက် ။

(၁) ( ) သည် မဖြစ်မနေဖော်ပြရန်လိုအပ်သည့် အညွှန်းအမှတ်အသားဖြစ်ပြီး ( ) သည် မဖြစ်မနေဖော်ပြရန် မလိုအပ်ဘဲ ဖော်ပြလိုကဖော်ပြနိုင်သည့် အညွှန်းအမှတ်အသား ဖြစ်ပါသည်။

(၂) မြန်မာဘာသာဖြင့်ဖော်ပြရာတွင် သာမန်မျက်စိဖြင့်မြင်နိုင်သော စာလုံးအရွယ်အစား ဖြစ်ရမည်။

(၃) မြန်မာဘာသာဖြင့် ဖော်ပြရာတွင် ကုန်စည်အမျိုးအစားနှင့် အရွယ်အစားအပေါ် အခြေခံ၍ ဖော်ပြရန်လိုအပ်သည့်အချက်အလက်များကို စားသုံးသူသို့ လက်လီရောင်းချမည့် ကုန်စည်၏ ထုပ်ပိုးပစ္စည်းပေါ်တွင် ဖော်ပြရန်။

(၄) ကုန်ပစ္စည်းပေါ်တွင် အချက်အလက်များဖော်ပြရန် မဖြစ်နိုင်ပါက ကုန်စည်အမျိုးအစားနှင့် စပ်လျဉ်းသည့် လက်ကမ်းစာစောင်/အညွှန်းတို့ဖြင့် ဖော်ပြပြီး ကုန်စည်နှင့်အတူ စားသုံးသူသို့ တစ်ပါတည်းပေးအပ်ရန်။

(၅) ပြည်ပမှ တင်သွင်းဖြန့်ဖြူးသည့် ကုန်စည်များဖြစ်ပါက သတ်မှတ်ချက်များနှင့် ကိုက်ညီ စေရေးအတွက် ဈေးကွက်ဖြန့်ဖြူးခြင်း မပြုမီ ပြုပြင်ရန်။
(ထပ်ပိုးကပ်ခြင်း သို့မဟုတ် ထုပ်ပိုးပစ္စည်းအသစ် အသုံးပြုခြင်း)

(၆) သက်ဆိုင်ရာဌာနများမှ ကြီးကြပ်ကွပ်ကဲသည့် ကုန်ပစ္စည်းများအတွက် ၎င်းဌာနများ၏ ညွှန်ကြားချက်အတိုင်း လိုက်နာရန်နှင့် ၎င်းညွှန်ကြားချက်နှင့်အညီ ဤအမိန့်ကြော်ငြာစာပါ ဖော်ပြရန်အချက်များအား မြန်မာဘာသာဖြင့် ဖော်ပြရန်။

(၇) ကျန်းမာရေးအထောက်အကူပြု အသုံးအဆောင်ပစ္စည်းအမျိုးမျိုးတွင် ဆရာဝန်/ကျန်းမာရေး ဝန်ထမ်းတို့၏ ညွှန်ကြားချက်မပါဘဲ အသုံးပြုနိုင်သည့် အိမ်သုံးသွေးပေါင်ချိန်စက်၊ အိမ်သုံးသွေးချိုတိုင်းစက်နှင့် ဆက်စပ်ပစ္စည်းများ၊ ကိုယ်ဝန် ရှိ မရှိ ဆီးစစ်တံ၊ ကွန်ဒုံး၊ ကိုယ်ပူချိန်တိုင်းကိရိယာစသည့် မိသားစုသုံးပစ္စည်းများကို ဆိုလိုသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထဲရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၇၉၈/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်

(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရထားရဲတပ်ဖွဲ့မှ ရဲ ၅၃၄၃ ရဲအုပ် ဌေးအောင် အား မူလရာထူးအဆင့်ဖြစ်သော ဒုတိယရဲမှူး၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့် နေ့မှစ၍ ပြန်လည်တိုးမြှင့်ခန့်ထားပြီး ရထားရဲတပ်ဖွဲ့၌ပင် တာဝန်ချထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၇၉၉/၂၀၁၉)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့မှ ရဲ ၅၁၄၂ ရဲအုပ် စိုးနိုင် အား မူလရာထူးအဆင့်ဖြစ်သော ဒုတိယရဲမှူး၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ပြန်လည်တိုးမြှင့်ခန့်ထားပြီး ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေး ရဲတပ်ဖွဲ့၌ပင် တာဝန်ချထားလိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြန်ကြားရေးဝန်ကြီးဌာန

၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၁၀ ရက်

(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်)

အမှတ် ၁၃၂ ။  ၁၉၉၆ ခုနှစ်၊ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေအခန်း (၆)၊ ပုဒ်မ (၁၉) အရ လည်းကောင်း၊ ၁၉၉၈ ခုနှစ်၊ ဗီဒီယိုလုပ်ငန်းဆိုင်ရာနည်းဥပဒေများအခန်း (၆)၊ နည်းဥပဒေ (၂၃) (၂၄) အရလည်းကောင်း ဗီဒီယိုလုပ်ငန်းများစိစစ်ကြီးကြပ်နိုင်ရန်အတွက် ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁ ရက်မှ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၃၁ ရက်နေ့အထိ (၂) နှစ်သက်တမ်းရှိသော မန္တလေးတိုင်းဒေသကြီး ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည်-

**မန္တလေးတိုင်းဒေသကြီးဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ**

(က) ဦးမြင့်လွင် — ဥက္ကဋ္ဌ
တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး
တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ခ) ယာယီရဲမှူးချုပ်စိန်လွင် — အဖွဲ့ဝင်
တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး
တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး

(ဂ) ဦးထွန်းထွန်းအောင် — အဖွဲ့ဝင်
တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူး
တိုင်းဒေသကြီးပြည်တွင်းအခွန်များဦးစီးဌာန

(ဃ) ဦးဌေးလှ — အဖွဲ့ဝင်
တိုင်းဒေသကြီးမန်နေဂျာ
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

(င) ဦးတင်မြင့်ဦး — အဖွဲ့ဝင်
တိုင်းဒေသကြီးဥပဒေအရာရှိ
တိုင်းဒေသကြီးဥပဒေချုပ်ရုံး

(စ) ဒေါ်ဝေဝေဖြိုး — အဖွဲ့ဝင်
တိုင်းဒေသကြီးဦးစီးမှူး
တိုင်းဒေသကြီးပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(ဆ) ဦးမင်းငြိမ်း — အဖွဲ့ဝင်
ဥက္ကဋ္ဌ
တိုင်းဒေသကြီးဗီဒီယိုအခြေခံအဖွဲ့ခွဲ

(ဇ) ဦးအေးကျော် — အတွင်းရေးမှူး
တိုင်းဒေသကြီးဦးစီးမှူး
တိုင်းဒေသကြီးရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန

ဒေါက်တာဖေမြင့်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာ (၄၈၀/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်
(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်)

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ပိုလျှံသဖြင့် ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၂ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ကောလင်းမြို့နယ်၊ ငပွေးလေးကျေးရွာအုပ်စု၊ ကျွန်းလှခုံကျေးရွာ၊ ကွင်းအမှတ်/အမည် - ၂၀၃၇/ကျွန်းလှခုံကွင်း၊ မြေအမျိုးအစား - လယ်မြေ၊ ဦးပိုင်အမှတ် (၄+၅)၊ မြေကွက်အမှတ် (-) ရှိ **မြေဧရိယာ ၃. ၇၀ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ မေလ ၁၅ ရက်စွဲပါ စာအမှတ်၊ ၄၆၂/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၃. ၇၀ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာ (၄၈၁/၂၀၁၉)

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ ပိုလျှံသဖြင့် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ မတ္တရာမြို့နယ်၊ ရေနံ့သာကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၁၅၄/ရေနံ့သာမြောက်ကွင်း)၊ မြေအမျိုးအစား - ယာမြေ၊ ဦးပိုင်အမှတ် (၆၀/၃)၊ မြေကွက်အမှတ် (-) ရှိ **မြေဧရိယာ ၂. ၄၉ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ မေလ ၁၃ ရက်စွဲပါ စာအမှတ်၊ ၄၁၇/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၂. ၄၉ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

**(ဝန်ကြီးရုံး)**
**အမိန့်ကြော်ငြာစာ (၄၈၂/၂၀၁၉)**

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ ပိုလျှံသဖြင့် ၂၀၁၉ ခုနှစ်၊ မတ်လ ၆ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ မြောက်ဦးခရိုင်၊ မြောက်ဦးမြို့၊ အောင်တပ်ရပ်ကွက်၊ ကွင်းအမှတ်/အမည် (၉၁၄/အောင်တပ်ကွင်း၊ ၈၈၈-စီ/လက်ဆည်ကန်ကွင်း)၊ မြေအမျိုးအစား - ဉယျာဉ်မြေ၊ ခနီမြေ၊ ဦးပိုင်အမှတ် (၃ အနက္က၊ က/၄၊ ၁/၅၃)၊ မြေကွက်အမှတ် (-) ရှိ **မြေဧရိယာ ၁. ၇၅ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၁ ရက်စွဲပါ စာအမှတ်၊ ၇၁၄/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၁. ၇၅ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

**(ဝန်ကြီးရုံး)**
**အမိန့်ကြော်ငြာစာ (၄၈၃/၂၀၁၉)**

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်နိုင်ရေးအတွက် ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့တွင် မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်၊ ရေဦးကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၂၀၄၈/နွှာပင်ရိုးကွင်း)၊ မြေအမျိုးအစား - $R_3$၊ $Y_2$၊ ဦးပိုင်အမှတ် (၅၃၊ ၅၄၊ ၅၅၊ ၅၅/၂၁၈)၊ မြေကွက်အမှတ် (-) ရှိ **မြေဧရိယာ ၁. ၅၈ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ မေလ ၁၃ ရက်စွဲပါ စာအမှတ်၊ ၄၃၀/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၁. ၅၈ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

**(ဝန်ကြီးရုံး)**
**အမိန့်ကြော်ငြာစာ (၄၈၄/၂၀၁၉)**

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ ပိုလျှံသဖြင့် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင်၊ တမူးမြို့နယ်၊ မြို့သစ်မြို့၊ မင်းသာကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၉၀၇/မင်းသာရွာမကွင်း)၊ မြေအမျိုးအစား - ရွာမြေ၊ ဦးပိုင်အမှတ်/မြေကွက်အမှတ် (-) ရှိ **မြေဧရိယာ ၁. ၁၁၀ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၁ ရက်စွဲပါ စာအမှတ်၊ ၆၉၆/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၁. ၁၁၀ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

**(ဝန်ကြီးရုံး)**
**အမိန့်ကြော်ငြာစာ (၄၈၅/၂၀၁၉)**

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ ပိုလျှံသဖြင့် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင်၊ တမူးမြို့နယ်၊ မြို့သစ်မြို့၊ သနန်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (OSS/ကွင်းပြင်ကွင်း)၊ မြေအမျိုးအစား - ရွာမြေ၊ ဦးပိုင်အမှတ်/မြေကွက်အမှတ် (-) ရှိ **မြေဧရိယာ ၁. ၀၈၁ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်

စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၁ ရက်စွဲပါ စာအမှတ်၊ ၆၉၈/၁-ကော်မတီ/မြေ (ဗဟို)/ ၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၁. ၀၈၁ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာ (၄၈၆/၂၀၁၉)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ ပိုလျှံသဖြင့် ၂၀၁၉ ခုနှစ်၊ မတ်လ ၁ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့နယ်၊ အုန်းတောကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် - ၆၃၁/၁၅၂၈၊ အုန်းတောကွင်း၊ မြေအမျိုးအစား - ဂရန်မြေ ဦးပိုင်အမှတ်/မြေကွက်အမှတ် (F-၄၈၆/-) ရှိ **မြေဧရိယာ ၀. ၈၅ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ မေလ ၁၃ ရက်စွဲပါ စာအမှတ်၊ ၄၂၃/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀. ၈၅ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာ (၄၈၇/၂၀၁၉)

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနမှ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနရုံးများ ဖွင့်လှစ်နိုင်ရေး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ရန်အတွက် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ တန့်ဆည်မြို့၊ ပေါ်ဦးရပ်ကွက်၊ ကွင်းအမှတ်/အမည် (၁၇/ဆေးရုံအနောက်ကွင်း)၊ မြေအမျိုးအစား - မြို့မြေ၊ ဦးပိုင်အမှတ်/မြေကွက်အမှတ် (၁/-) ရှိ **မြေဧရိယာ ၀. ၇၀ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၁ ရက်စွဲပါ စာအမှတ်၊ ၆၉၉/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀. ၇၀ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာ (၄၈၈/၂၀၁၉)

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ ပိုလျှံသဖြင့် ၂၀၁၉ ခုနှစ်၊ မေလ ၂၇ ရက်နေ့တွင် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ရေစကြိုမြို့၊ အမှတ် (၇) ရပ်ကွက်၊ ကွင်းအမှတ်/အမည် (၁၆/ရန်ကင်းတောင်ကွင်း)၊ မြေအမျိုးအစား - မြို့မြေ၊ ဦးပိုင်အမှတ်/မြေကွက်အမှတ် (၅၈/၁၀၅)/(၈၉) ရှိ **မြေဧရိယာ ၀. ၅၁၆ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၁ ရက်စွဲပါ စာအမှတ်၊ ၇၁၁/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀. ၅၁၆ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာ (၄၈၉/၂၀၁၉)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးရန် ၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၃ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ဆင်ခေါင်းကြီးကျေးရွာ

အုပ်စု၊ ကွင်းအမှတ်/အမည် (၆၆၀/အနီးစခန်းကွင်း)၊ မြေအမျိုးအစား - Y၊ ဦးပိုင်အမှတ်/မြေကွက်အမှတ် (၆၂/၁) (၈၃၁) ရှိ **မြေဧရိယာ ၀. ၃၃ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၅ ရက်စွဲပါ စာအမှတ်၊ ၈၀၂/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀. ၃၃ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၄၉၂/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်
(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်)

၁။ ၁၈၉၄ ခုနှစ်၊ မြေသိမ်းအက်ဥပဒေပုဒ်မ ၆ အရ အောက်ဖော်ပြပါမြေကို အများပြည်သူအကျိုးငှာ **ကွန်ပျူတာတက္ကသိုလ် (လွိုင်ကော်)** မြေနေရာအဖြစ် အသုံးပြုရန်အတွက် **ပညာရေးဝန်ကြီးဌာန** မှ သိမ်းဆည်းရန် ရည်ရွယ်ကြောင်း ကြေညာလိုက်သည်-

**မြေတည်ရှိရာဒေသ**

| ပြည်နယ် | မြို့နယ် | ရပ်ကွက်/ ကျေးရွာအုပ်စုအမည် | ကွင်း/အကွက် အမှတ်နှင့် အမည် | ဦးပိုင်ပေါင်း | ဧရိယာ (ဧက) |
|---|---|---|---|---|---|
| ကယား | လွိုင်ကော် | ချီကယ်ကျေးရွာအုပ်စု | ၁၄၄/ထေးသမ | ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၇၅၊ ၇၆၊ | ၂၂. ၅၉ |
| | | | ၁၆၄/ထေးသမမြောက် | ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၁၊ ၁၃ | ၁၅. ၆၈ |
| **စုစုပေါင်း** | | | | **၂၀** | **၃၈. ၂၇** |

ဖော်ပြပါမြေကွက်များ၏ အလား (၄) ရပ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

အရှေ့လားသော် - လယ်မြေ၊
အနောက်လားသော် - မူလကွန်ပျူတာကျောင်း၊
တောင်လားသော် - စည်ပင်လမ်း၊
မြောက်လားသော် - မြေလွတ်၊

၂။ စာရင်းတွင် ဖော်ပြပါမြေကွက်များနှင့် ဧရိယာများသည် ၂၀၀၉-၂၀၁၀ ခုနှစ်အတွက် အသုံးပြုသော မြေပုံအရဖြစ်၍ အထက်ဖော်ပြပါမြေပုံကို လွိုင်ကော်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ကြည့်ရှုစစ်ဆေးနိုင်ပါသည်။

၃။ မြေသိမ်းအက်ဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ (၁) အရ မြေသိမ်းအက်ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (၁) နှင့် (၃) တို့တွင် ဖော်ပြထားသည့်အတိုင်း အမိန့်ကြော်ငြာစာ ထုတ်ဆင့်ပြီးနောက် (၁၅) ရက်ကုန်ဆုံးသောအခါ အဆိုပါမြေကိုသိမ်းရန်အတွက် ကော်လိတ္တော်အရာရှိအား ညွှန်ကြားလိုက်သည်။

၄။ သိမ်းယူပြီးလျှင် ပညာရေးဝန်ကြီးဌာနပိုင်မြေအဖြစ် အသုံးပြုရန်အတွက် **ကွန်ပျူတာတက္ကသိုလ် (လွိုင်ကော်)** အမည်ဖြင့် မြေလွှဲပြောင်းပေးနိုင်ရေး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရန် မြေသိမ်းကော်လိတ္တော်အရာရှိအား ညွှန်ကြားလိုက်သည်။

၅။ အဆိုပါ သိမ်းဆည်း/လွှဲပြောင်းပေးသောမြေအား ပညာရေးဝန်ကြီးဌာနမှ အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၄၉၃/၂၀၁၉)

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့၊ သောတာပန်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၇၇၇/သောတာပန်မြောက်)၊ မြေကွက်အမှတ် (F-၂၃၇) ရှိ **မဟာဝိဇယမဏ္ဍိုင်ကျောင်းတိုက်** မူလသာသနာမြေဧရိယာ **၀. ၈၂ ဧက** အနက်မှ **မြေကွက်အမှတ် (F-၂၃၇/ ၃၇၆) ရှိ မြေဧရိယာ ၀. ၀၂**

**ဧက** ကို ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၃ (က) နှင့်အညီ **ဒေါ်ဝ [၉/အမရ (နိုင်) ဝ၀၈၁၁၃]၊** ရှမ်းကလေးကျွန်းကျေးရွာ၊ အမရပူရမြို့နယ်နေသူအား ဗဒ္ဓသိမ်မြေဝရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၄၉၆/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်
(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်)

၁။ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ တောင်ဘီကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၁၅၂၂-ပုဂံကွင်း)၊ ဦးပိုင်အမှတ် (၈-ခ) မှ မြေဧရိယာ ၃. ၄၀ ဧကနှင့် ဦးပိုင်အမှတ် (၁၃၂) မှ မြေဧရိယာ ၂. ၇၁ ဧက၊ **စုစုပေါင်းမြေဧရိယာ ၆. ၁၁ ဧက** အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန **ယွန်းပညာကောလိပ်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှတ်တွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၄၉၇/၂၀၁၉)

၁။ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့၊ အောင်မင်္ဂလာရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၁၉/တဲကြီးတန်းရပ်)၊ ဦးပိုင်အမှတ် (၄၊ ၅)၊ **မြေဧရိယာ ဝ. ၁၁၀ ဧက** ရှိမြေအား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ **ရမည်းသင်းမြို့နယ်လူမှုဖူလုံရေးရုံးနှင့် ဆေးခန်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှတ်တွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၄၉၈/၂၀၁၉)

၁။ ရှမ်းပြည်နယ်၊ မူဆယ်ခရိုင်၊ မူဆယ်မြို့၊ ဟိုမွန်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၁-လေယာဉ်ကွင်း)၊ ဦးပိုင်အမှတ် (၃)၊ **မြေဧရိယာ ၁၇. ၅၀ ဧက** ရှိမြေအား စက်မှုဝန်ကြီးဌာန၊ **အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **စက်မှုဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှတ်တွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **စက်မှုဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၄၉၉/၂၀၁၉)

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ထီးချိုင့်မြို့၊ အမှတ် (၂) ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၈၃၇/ထီးချိုင့်)၊ မြေကွက်အမှတ် ( ၄၄၆ )၊ **မြေဧရိယာ ဝ. ၁၁၀ ဧက** ရှိမြေအား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ **ထီးချိုင့်မြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာန** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှတ်တွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၅၀၀/၂၀၁၉)

၁။ ချင်းပြည်နယ်၊ ဟားခါးခရိုင်၊ ဟားခါးမြို့၊ မြို့သစ်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (ကျောက်ခွဲစက်ရပ်)၊ ဦးပိုင်အမှတ် (၃၀၄)၊ **မြေဧရိယာ ဝ. ၄၆၀ ဧက** အား **ချင်းပြည်နယ်ငွေရေးကြေးရေး**

**ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၅၀၁/၂၀၁၉)

၁။ ချင်းပြည်နယ်၊ ဟားခါးခရိုင်၊ ဟားခါးမြို့၊ မြို့သစ်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၃/ ဂေါက်ကွင်းလမ်းအောက်)၊ ဦးပိုင်အမှတ် (၁၄၆) ရှိ **မြေဧရိယာ ၁. ၄၈၇ ဧက** အား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ **ချင်းပြည်နယ်ရသုံးမှန်ခြေငွေစာရင်းဦးစီးဌာနဝန်ထမ်းအိမ်ရာ** မြေနေရာအဖြစ် အသုံးပြုရန် အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ အခမဲ့ လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၅၀၂/၂၀၁၉)

၁။ ရှမ်းပြည်နယ်၊ လင်းခေးခရိုင်၊ လင်းခေးမြို့၊ ဈေးတန်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၁၁/ဈေးတန်း)၊ ဦးပိုင်အမှတ် (၁၀၈)၊ **မြေဧရိယာ ၁. ၅၅၁ ဧက** ရှိမြေအား ရှမ်းပြည်နယ်စည်ပင်သာယာရေး ဌာန၊ **လင်းခေးမြို့နယ်စည်ပင်သာယာရေးဌာန (ဈေး)** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနသို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၅၀၆/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်

(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်)

၁။ မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့၊ မောင်ငံရပ်ကွက်၊ အကွက်အမှတ်/အမည် - ၇၂/ မောင်ငံအကွက်၊ ဦးပိုင်အမှတ် (၁၂/က) ရှိ **မြေဧရိယာ ၃. ၇၇၈ ဧက** အနက်မှ **၀. ၀၇၈ ဧက** အား **ဗဟိုစာရင်းအင်း အဖွဲ့၊ မွန်ပြည်နယ်ဗဟိုစာရင်းအင်းအဖွဲ့ရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသည့်မြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၅၀၇/၂၀၁၉)

မွန်ပြည်နယ်၊ သထုံခရိုင်၊ သထုံမြို့၊ လိပ်အင်းရပ်ကွက်၊ အကွက်အမှတ်/အမည် (၂၇/မေဃဝန် မြောက်အကွက်)၊ ဦးပိုင်အမှတ် (၈) ရှိ **နေမိန္ဒရတိုက်ကျောင်း** သာသနာ့ **မြေဧရိယာ ၀. ၄၅၄ ဧက** အနက်မှ **၀. ၀၄၀ ဧက** အား ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြား သတ်မှတ်လျက် အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများနည်းဥပဒေ ၅၂ နှင့်အညီ **ဦးမင်းလှိုင်ဌေး [၁၀/သထန (နိုင်) ၀၉၃၇၉၅]** အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၅၁၁/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၂ ရက်

(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်)

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ကြူဝန်းကျေးရွာအုပ်စု၊ ကွင်း/အကွက် အမှတ်နှင့် အမည် (၅၅၆/ကြူဝန်းကွင်း)၊ ဦးပိုင်အမှတ် (၄၅/၁၊ ၄၆) ရှိ **မနောရထပူရဏီမြစကြာတောရ စာသင်စာချပရိယတ္တိကျောင်းတိုက်** အခွန်လွတ်သာသနာ **မြေဧရိယာ ၈. ၈၃ ဧက** အနက်မှ ဦးပိုင်အမှတ်

(၄၅/၃) ရှိ **မြေဧရိယာ ၀. ၁၅ ဧက** ကို ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၃ (က) နှင့်အညီ **ဒေါ်ဉမ္မာ (ခ) ဒေါ်ကြူကြူ [၉/မနမ (နိုင်) ၀၉၈၉၇၇]**၊ ပုလဲငွေရောင်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့ နေသူအား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၅၁၂/၂၀၁၉)

၁။ မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူးမြို့နယ်၊ ကန်ရေကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၁၃၃၀-ရွာမကန်မြောက်ကွင်း)၊ ဦးပိုင်အမှတ် (၃/၂၊ ၃/၃၊ ၃/၄၊ ၄/၁၊ ၅)၊ **မြေဧရိယာ ၈. ၀၅ ဧက** အား **လမ်းဦးစီးဌာန၊ တည်ဆောက်ရေး (၂)၊ လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့ (၁၁)** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ အခမဲ့ လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှတ်တွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနက အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၅၁၃/၂၀၁၉)

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ အင်းတော်မြို့၊ အောင်ချမ်းသာရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၅/မြို့မ၊ အောင်ချမ်းသာ)၊ ဦးပိုင်အမှတ် (N-11)၊ မြေကွက်အမှတ် (11/212)၊ **မြေဧရိယာ ၀. ၀၄၂ ဧက** အား **မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး (အင်းတော်)** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှတ်တွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၅၁၄/၂၀၁၉)

၁။ ကယားပြည်နယ်၊ လွိုင်ကော်ခရိုင်၊ ဒီးမော့ဆိုမြို့နယ်၊ မြို့မရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်- ၂/ရွှေယောက်၊ ဦးပိုင်အမှတ် (၁၇)၊ **မြေဧရိယာ ၀. ၉၇၂ ဧက** အား **ဒီးမော့ဆိုမြို့နယ်ဥပဒေရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြည်ထောင်စုရှေ့နေချုပ်ရုံး** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှတ်တွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြည်ထောင်စုရှေ့နေချုပ်ရုံး** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၅၁၅/၂၀၁၉)

၁။ ကယားပြည်နယ်၊ လွိုင်ကော်ခရိုင်၊ ဖရူဆိုမြို့နယ်၊ မြို့မကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည်-၁၀/ထီးကလူဒေါ၊ ဦးပိုင်အမှတ် (၁၄၄/၃၆)၊ **မြေဧရိယာ ၀. ၂၂၀ ဧက** အား **ဖရူဆိုမြို့နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှတ်တွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၅၁၆/၂၀၁၉)

၁။ ကယားပြည်နယ်၊ လွိုင်ကော်ခရိုင်၊ ဒီးမော့ဆိုမြို့နယ်၊ မြို့မရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်- ၂၀/စည်ပင်သာယာ၊ ဦးပိုင်အမှတ် (၁၂)၊ **မြေဧရိယာ ၁. ၀၉၈ ဧက** အား **ဒီးမော့ဆိုမြို့နယ်တရားရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံး** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၅၁၇/၂၀၁၉)

၁။ ကယားပြည်နယ်၊ လွိုင်ကော်ခရိုင်၊ ရှားတောမြို့၊ ဈေးပိုင်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်-မြို့မ/ကွင်းပြင်၊ ဦးပိုင်အမှတ် (-)၊ မြေကွက်အမှတ် (ကွင်းပြင်)၊ **မြေဧရိယာ ၀. ၂၂၉ ဧက** အား **ရှားတောမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၅၁၈/၂၀၁၉)

၁။ ကယားပြည်နယ်၊ လွိုင်ကော်ခရိုင်၊ ဖရူဆိုမြို့နယ်၊ မြို့မကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည် - ၁၀/ထီးကလူဒေါ၊ ဦးပိုင်အမှတ် (၁၄၄/၂၀)၊ **မြေဧရိယာ ၀. ၂၂၀ ဧက** အား **ဖရူဆိုမြို့နယ် ဥပဒေရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြည်ထောင်စု ရှေ့နေချုပ်ရုံး** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြည်ထောင်စုရှေ့နေချုပ်ရုံး** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၅၁၉/၂၀၁၉)

၁။ ကယားပြည်နယ်၊ လွိုင်ကော်ခရိုင်၊ ဖရူဆိုမြို့နယ်၊ ညောင်ဇင်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် - ၄/ညောင်ဇင်၊ ဦးပိုင်အမှတ် (၂၂)၊ မြေကွက်အမှတ် (၂၄)၊ **မြေဧရိယာ ၀. ၂၆၃ ဧက** အား **ဖရူဆိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်း ပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံ ရမည်။

## အမိန့်ကြော်ငြာစာ (၅၂၀/၂၀၁၉)

၁။ ကယားပြည်နယ်၊ ဘောလခဲခရိုင်၊ မယ်စဲမြို့၊ မြောက်ပိုင်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၁/မြောက်ကုန်း)၊ ဦးပိုင်အမှတ် (၃၉၊ ၄၀၊ ၄၁)၊ မြေကွက်အမှတ် (၆၂၊ ၆၃၊ ၆၄)၊ **မြေဧရိယာ ၀. ၉၁၈ ဧက** ရှိမြေအား နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ **မယ်စဲမြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးနှင့် ဝန်ထမ်းအိမ်ရာ** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **နယ်စပ်ရေးရာဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **နယ်စပ်ရေးရာဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၅၂၁/၂၀၁၉)

၁။ ချင်းပြည်နယ်၊ ဟားခါးခရိုင်၊ ဟားခါးမြို့၊ မြို့သစ်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၃/ဝေါက်ကွင်းလမ်းအောက်)၊ ဦးပိုင်အမှတ် (၁၇၂) ရှိ **မြေဧရိယာ ၀. ၂၁၆ ဧက** အား စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန၊ **ပြည်နယ်ဗဟိုစာရင်းအင်းအဖွဲ့ရုံးနှင့် ဝန်ထမ်းအိမ်ရာ** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

# အမိန့်ကြော်ငြာစာ (၅၂၂/၂၀၁၉)

၁။ ချင်းပြည်နယ်၊ ဟားခါးခရိုင်၊ ဟားခါးမြို့၊ ဈေးသစ်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၁/စံပြကွက်သစ်)၊ ဦးပိုင်အမှတ် (၁၆)၊ မြေကွက်အမှတ် (၉၇၊ ၉၈၊ ၉၉၊ ၁၀၀၊ ၁၀၁၊ ၁၀၂၊ ၁၀၃၊ ၁၀၄)၊ **မြေဧရိယာ ၀. ၈၂၆ ဧက** အား **ချင်းပြည်နယ်၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနနှင့် တိုင်းရင်းသား အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှတ်တွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

မင်းသူ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၈၀/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်
(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်)

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန၊ လေ့ကျင့်ရေးနှင့် သုတေသနဌာနခွဲမှ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ညွှန်ကြားရေးမှူး ဦးကျော်မိုး အား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ (၂၂) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ (၈၁) တို့အရ သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ မေလ ၃၁ ရက်နေ့အထိ ခံစားခွင့် ပြုလိုက်သည်။

ညွှန်ကြားရေးမှူး ဦးကျော်မိုး အား ခံစားခွင့်ရက်များကုန်ဆုံးပြီးနောက် ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က)၊ ပုဒ်မ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ နည်းဥပဒေ (၂၃၃)၊ နည်းဥပဒေခွဲ (က) တို့အရ ပြည်သူ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၈၃/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက်
(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်)

### သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (ယဉ်ကျေးမှု) စီမံခန့်ခွဲရေးကော်မတီ ဖွဲ့စည်းခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (ယဉ်ကျေးမှု) ၏ လုပ်ငန်းများမှန်ကန်ပြီး မြန်ဆန်စွာဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရန်အတွက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (ယဉ်ကျေးမှု)၊ စီမံခန့်ခွဲရေးကော်မတီကို အောက်ပါအတိုင်း ပြန်လည်ပြင်ဆင် ဖွဲ့စည်းလိုက်သည်-

(က) ပြည်ထောင်စုဝန်ကြီး — ဥက္ကဋ္ဌ
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(ခ) ဒုတိယဝန်ကြီး — ဒုတိယဥက္ကဋ္ဌ
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(ဂ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန

(ဃ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန

(င) ပါမောက္ခချုပ် — အဖွဲ့ဝင်
အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)

(စ) ပါမောက္ခချုပ် — အဖွဲ့ဝင်
အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)

(ဆ) အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(ဇ) ဒုတိယအမြဲတမ်းအတွင်းဝန် — တွဲဖက်အတွင်းရေးမှူး
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (ယဉ်ကျေးမှု)

ဝန်ကြီးဌာန၏ စီမံခန့်ခွဲရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဝန်ကြီးရုံး၊ ဦးစီးဌာနများနှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များတွင် အရာထမ်း၊ အမှုထမ်းများ ခန့်အပ်ခြင်း၊ အရာထမ်းများ ရာထူးတိုးမြှင့်ခြင်း၊ ပြောင်းရွှေ့ခြင်း၊ နုတ်ထွက်ခြင်းနှင့် အရာထမ်း၊ အမှုထမ်းများအပြစ်ပေးအရေးယူခြင်းနှင့် သက်သာချောင်ချိရေးဆိုင်ရာလုပ်ငန်းများကို စနစ်တကျကြီးကြပ်ဆောင်ရွက်ရန်၊

(ခ) ပြည်ပနိုင်ငံအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်သည့်လုပ်ငန်းများ ကြီးကြပ်ဆောင်ရွက်ရန်၊

(ဂ) နိုင်ငံတော်ဘဏ္ဍာငွေ အရ/အသုံးဆိုင်ရာလုပ်ငန်းများ၊ ဝန်ကြီးဌာနရန်ပုံငွေမှ သုံးစွဲဆောင်ရွက်ရမည့် လုပ်ငန်းရပ်များ၊ အဆောက်အဦဆောက်လုပ်ခြင်းလုပ်ငန်းများ၊ ပစ္စည်းများ (နိုင်ငံခြား/ပြည်တွင်း) ဝယ်ယူခြင်းကိစ္စရပ်များနှင့်ပတ်သက်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရေး ကြပ်မတ်ရန်၊

(ဃ) အုပ်ချုပ်မှုကိစ္စရပ်များအား မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း၊ စည်းကမ်း ညွှန်ကြားချက်များနှင့်အညီဆောင်ရွက်ရေး ကြီးကြပ်ဆောင်ရွက်ရန်၊

(င) အခါအားလျော်စွာ နိုင်ငံတော်အကြီးအကဲများ၏ ခရီးစဉ်များမှ ညွှန်ကြားချက်များအရ ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ နိုင်ငံတော်အကြီးအကဲများမှ တာဝန်ပေးအပ်ထားသည့် အထူးစီမံကိန်းဆိုင်ရာ လုပ်ငန်းများကြပ်မတ်ဆောင်ရွက်ရန်၊

(စ) ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးနှင့်ပတ်သက်၍ ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်နိုင်ရေးစိစစ်ကြပ်မတ်ဆောင်ရွက်ရန်၊

(ဆ) ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးနှင့် ကော်မတီများမှ ညွှန်ကြားချက်များအား ထပ်မံရှင်းလင်းခြင်း၊ ဤဝန်ကြီးဌာနမှ အသစ်တိုးချဲ့/တိုးမြှင့်ဖွင့်လှစ်သောဦးစီးဌာနများ၏ဖွဲ့စည်းပုံကို အတည်ပြုခြင်း၊ သုတေသနလုပ်ငန်းစီမံချက်များ ခွင့်ပြုရန်တင်ပြခြင်းစသည့်ကိစ္စရပ်များကို ကြပ်မတ်ဆောင်ရွက်ရန်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (ယဉ်ကျေးမှုဝန်ကြီးဌာန) ၏ ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၂/၂၀၁၅) ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၂၈/၂၀၁၉)**

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၈ ရက်

(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်)

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (သာသနာရေး) စီမံခန့်ခွဲရေးရာကော်မတီ ဖွဲ့စည်းခြင်း**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (သာသနာရေး) ၏လုပ်ငန်းများမှန်ကန်မြန်ဆန်စွာဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရန်အတွက် **သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (သာသနာရေး)၊ စီမံခန့်ခွဲရေးရာကော်မတီ** ကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| စဉ် | အမည်၊ ရာထူး | တာဝန် |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |

| စဉ် | အမည်၊ ရာထူး | တာဝန် |
|---|---|---|
| (ခ) | ဒုတိယဝန်ကြီး<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>သာသနာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယပါမောက္ခချုပ် (စီမံ)<br>အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနပြုတက္ကသိုလ် | အဖွဲ့ဝင် |
| (စ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>သာသနာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူး (အုပ်ချုပ်ရေး)<br>ဝန်ကြီးရုံး (သာသနာရေး) | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူး (မူဝါဒ)<br>ဝန်ကြီးရုံး (သာသနာရေး) | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူး (ပြည်တွင်း/ပြည်ပ)<br>ဝန်ကြီးရုံး (သာသနာရေး) | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူး (စီမံ)<br>သာသနာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဌ) | ညွှန်ကြားရေးမှူး (ဦးစီး)<br>သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဍ) | ဌာနမှူး (စီမံ/ဘဏ္ဍာ)<br>အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် | အဖွဲ့ဝင် |
| (ဎ) | ဒုတိယအမြဲတမ်းအတွင်းဝန် (သာသနာရေး)<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |
| (ဏ) | အမြဲတမ်းအတွင်းဝန်<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အတွင်းရေးမှူး |

ဤဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးရာကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) နိုင်ငံတော်အကြီးအကဲများ၏ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် ညွှန်ကြားချက်များ၊ နိုင်ငံတော်အဆင့်ဖွဲ့စည်းထားသည့် ဗဟိုကော်မတီ၊ ဦးစီးကော်မတီအသီးသီး၏ ညွှန်ကြားချက်များ၊ နိုင်ငံတော်အကြီးအကဲများ၏ခရီးစဉ်များမှ ညွှန်ကြားချက်များအရ ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ နိုင်ငံတော်အကြီးအကဲများမှ တာဝန်ပေးအပ်ထားသည့် အထူးစီမံကိန်းဆိုင်ရာလုပ်ငန်းများ၊ မမျှော်လင့်ထားသော သဘာဝဘေးအန္တရာယ်များကျရောက်ပါက မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းရပ်များကို စနစ်တကျကြပ်မတ်ဆောင်ရွက်သွားရန်၊

(ခ) ဝန်ကြီးရုံး၊ ဦးစီးဌာနများနှင့် တက္ကသိုလ်တို့၏ဖွဲ့စည်းပုံတိုးချဲ့ခြင်း၊ ဝန်ထမ်းများခန့်အပ်ခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ ပြောင်းရွှေ့ခြင်း၊ နုတ်ထွက်ခြင်း၊ အပြစ်ပေးအရေးယူခြင်း စသည့်ကိစ္စရပ်များ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်အသီးသီးမှ သင်တန်းသားဆုရရှိခြင်းကိစ္စ၊ စည်းကမ်းပိုင်းဆိုင်ရာ ညွှန်ကြားချက်ထုတ်ပြန်ခြင်းကိစ္စနှင့် သက်သာချောင်ချိရေးဆိုင်ရာလုပ်ငန်းများကို ကော်မတီသို့ တင်ပြစေ၍ စနစ်တကျ ကြီးကြပ်ဆောင်ရွက်ရန်၊

(ဂ) နိုင်ငံတော်ဘဏ္ဍာငွေ အရ/အသုံးဆိုင်ရာလုပ်ငန်းများ၊ ရသုံးမှန်းခြေငွေစာရင်းခွင့်ပြုချက်များအရ အသုံးစရိတ်ကျခံရခြင်းများ၊ ဝန်ကြီးဌာနရန်ပုံငွေမှ သုံးစွဲဆောင်ရွက်ရမည့်လုပ်ငန်းရပ်များ၊ မူလခွင့်ပြုငွေ/ဖြည့်စွက်ခွင့်ပြုငွေတောင်းခံခြင်းနှင့်ပတ်သက်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရေး ကြပ်မတ်ရန်၊

(ဃ) ပြည်ပနိုင်ငံများနှင့် ဆက်သွယ်ဆောင်ရွက်ရသောကိစ္စရပ်များ၊ နိုင်ငံခြားငွေသုံးစွဲမှုနှင့် အကျိုးဝင်သောကိစ္စရပ်များ၊ လေလံတင်ရောင်းချသောကိစ္စရပ်များ၊ တင်ဒါခေါ်ယူဆောင်ရွက်ပြီးစီးမှုကိစ္စရပ်များကို ကော်မတီသို့တင်ပြစေ၍ ကော်မတီမှ ဥပဒေလုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီဆောင်ရွက်ရေး စိစစ်ကြပ်မတ်ရန်၊

(င) တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တို့မှ ညှိနှိုင်းလာသော ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ၊ ဘာသာရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ်သွားရန်၊

(စ) အုပ်ချုပ်မှုကိစ္စရပ်များအား မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရေး ကြီးကြပ်ဆောင်ရွက်ရန်။

သူရဦးအောင်ကို
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပုဂံဒေသအမျိုးသားအဆင့်ပူးပေါင်းဆောင်ရွက်ရေးကော်မတီ

# (Bagan National Coordinating Committee - BAGANCOM)

## အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်
(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်)

## ပုဂံဒေသနိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးကော်မတီ

## (Bagan International Coordinating Committee - BICC) ဖွဲ့စည်းခြင်း

၁။ ပုဂံဒေသ ရှေးဟောင်းအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ပညာရပ်ဆိုင်ရာကိစ္စရပ်များကို နိုင်ငံတကာမှ ထိရောက်သော ပံ့ပိုးကူညီမှု ရရှိလာနိုင်စေရေးအတွက် ပြည်ပပညာရှင်များပါဝင်သည့် ပုဂံဒေသ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးကော်မတီ (Bagan International Coordinating Committee - BICC) ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ညွှန်ကြားရေးမှူးချုပ်<br>ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ကိုယ်စားလှယ်တစ်ဦး<br>အလျှုရှင်နိုင်ငံ | အဖွဲ့ဝင် |
| (ဂ) | ကိုယ်စားလှယ်တစ်ဦး<br>Getty Conservation Institute USA | အဖွဲ့ဝင် |
| (ဃ) | ကိုယ်စားလှယ်တစ်ဦး<br>အိန္ဒိယနိုင်ငံ Archaeological Survey of India (ASI) | အဖွဲ့ဝင် |

(င) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
အီတလီနိုင်ငံ Lerici Foundation

(စ) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
ဂျပန်နိုင်ငံ National Research Institute for Cultural Properties

(ဆ) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
တရုတ်ပြည်သူ့သမ္မတနိုင်ငံ Chinese Academy of Cultural Heritage

(ဇ) Ms. Andrea Teufel — အဖွဲ့ဝင်
Cologne Institute of Conservation Science (CICS) Germany

(ဈ) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
ကိုရီးယားနိုင်ငံ National Research Institute of Cultural Heritage

(ည) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
World Bank

(ဋ) ဦးညွန့်ဟန် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)
ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန

(ဌ) ခရိုင်အုပ်ချုပ်ရေးမှူး — အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညောင်ဦးခရိုင်

(ဍ) ညွှန်ကြားရေးမှူး — အတွင်းရေးမှူး
ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန
ပုဂံဌာနခွဲ

၂။ ကော်မတီ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အဆိုပြုစီမံကိန်းအသစ်များအတွက် အကြံပြုချက်များ မျှဝေရန်၊ မူဝါဒလမ်းစဉ်ချမှတ်ခြင်း၊

(ခ) Site ၏ စစ်မှန်မှုနှင့် ဂုဏ်သိက္ခာအားကာကွယ်ရန်၊ သင့်မြတ်သောလုပ်ဆောင်မှုနှင့် အမြင့်ဆုံးအရည်အသွေးရှိသော ထိန်းသိမ်းမှုအား သေချာစေရန် ရည်ရွယ်၍ ပုဂံဒေသစီမံခန့်ခွဲမှု အာဏာပိုင်နှင့် အမျိုးသားအဆင့်နှင့် နိုင်ငံတကာ ကျွမ်းကျင်သူများမှ ဆောင်ရွက်ဆဲ လုပ်ငန်းများအပေါ် ပြန်လည်သုံးသပ်ခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် တုံ့ပြန်ဆွေးနွေးခြင်းတို့အတွက် မူဝါဒလမ်းစဉ်ချမှတ်ခြင်း၊

(ဂ) နည်းပညာကျွမ်းကျင်သူများအဖွဲ့၊ အကြံပေးအဖွဲ့နှင့် နိုင်ငံတကာ ကျွမ်းကျင်သူများအား ကွင်းဆင်းခရီးလာရောက်ရန် ဖိတ်ကြားခြင်း၊ စောင့်ကြည့်လေ့လာခြင်း လုပ်ဆောင်မှု၊ နည်းပညာတုံ့ပြန်မှုနှင့် ကော်မတီအစည်းအဝေးများအတွင်း တွေ့ရှိမှုများ/အကြံပြုချက်များ အစီရင်ခံစာတို့အား တောင်းဆိုရန်၊

(ဃ) ပုဂံဒေသ စီမံခန့်ခွဲမှုအာဏာပိုင်တို့၏ သတ်မှတ်ချက်အတိုင်း Site အား စီမံခန့်ခွဲခြင်း၊ ပြုပြင်ခြင်းနှင့် ထိန်းသိမ်းခြင်းအတွက် ဦးစားပေး အစဉ်အတိုင်း တုံ့ပြန်ရန် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုကို အားဖြည့်ရန်၊

(င) ပုံမှန်သတင်းအချက်အလက် ဖလှယ်ခြင်း၊ သေချာစေရန်အတွက် သာမန်အားဖြင့် (၆) လတစ်ကြိမ် ပုံမှန်တွေ့ဆုံခြင်းပြုရန်၊

(စ) အရေးပေါ်အခြေအနေများအတွက် လိုအပ်သောအခါ အထူးတွေ့ဆုံခြင်းများ လိုအပ်လျှင် ပြုလုပ်ရန်၊

(ဆ) Site အား ပုံမှန်စောင့်ကြည့်လေ့လာခြင်း၏ အစိတ်အပိုင်းအဖြစ် ပုဂံဒေသ၏ အလုံးစုံကာကွယ်ခြင်းနှင့် စီမံခန့်ခွဲမှုအား ကော်မတီ၏ကြီးကြပ်မှုဖြင့် ပထမအဆင့် ပူးပေါင်းဆောင်ရွက်ခြင်းကဲ့သို့ ဆောင်ရွက်သော BAGANCOM သို့ အစီရင်ခံစာပုံမှန်တင်ပြရန်။

၃။ ကော်မတီအဖွဲ့ဝင်များ၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ပုံမှန်နှင့် အထူးအစည်းအဝေးများတွင် ပါဝင်တက်ရောက်ရန်၊

(ခ) တုံ့ပြန်ချက်အတွက် အဆိုပြုစီမံကိန်းအသစ်များအပေါ် ကော်မတီမှ နောက်ဆုံးအခြေအနေရှင်းပြရန်၊

(ဂ) ဆောင်ရွက်ဆဲလုပ်ငန်းများ၏ တိုးတက်မှုအစီရင်ခံစာတင်ရန်နှင့် ပုဂံဒေသအာဏာပိုင်များနှင့် ကျွမ်းကျင်သူများမှ နည်းပညာတုံ့ပြန်မှုအတွက် အဖြေပေးရန်၊

(ဃ) ကော်မတီနှင့်အတူ နည်းပညာဆိုင်ရာမှတ်တမ်းနှင့် သတင်းအချက်အလက်များမျှဝေရန်၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲ၏ သတင်းအချက်အလက်များ သိုလှောင်ရာ၏ အစိတ်အပိုင်းအဖြစ် ပါဝင်ရန်၊

(င) ပြန်လည်ထူထောင်ရေးအတွက် လမ်းညွှန်ချက်များအပါအဝင် ဒေသအတွက် ပေါင်းစပ်ညှိနှိုင်း စီမံခန့်ခွဲမှုစနစ်၏ အစိတ်အပိုင်းအဖြစ် ထူထောင်ခဲ့ပြီးဖြစ်သော နည်းပညာဆိုင်ရာ လမ်းညွှန်ချက်များအား ထိန်းသိမ်းလိုက်နာမှုနှင့် စီမံကိန်းများ အကောင်အထည်ဖော်ရန်၊

(စ) နည်းပညာကျွမ်းကျင်သူများအဖွဲ့နှင့် ကျွမ်းကျင်သူများ ကွင်းဆင်းခရီး၏ ကြိုတင်ပြင်ဆင်သော ဆက်စပ်အစည်းအဝေးများအပါအဝင် အလှည့်ကျစနစ်အခြေပြုသော အစည်းအဝေးတွင် အိမ်ရှင်အဖြစ် ပြုလုပ်ရန်။

သူရဦးအောင်ကို
ဥက္ကဋ္ဌ
ပုဂံဒေသအမျိုးသားအဆင့်ပူးပေါင်းဆောင်ရွက်ရေးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၄၁၉/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၈ ရက်

(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အဆင့်ရှိ ညွှန်ကြားရေးမှူး (မြို့ပြ) ဦးတင့်လွင် (ခ) သက်အောင် အား ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၁၁/၂၀၁၉) ကြိမ်မြောက် အစည်းအဝေး သဘော တူညီချက်အရ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) အဆင့်ရှိ ဒုတိယညွှန်ကြားရေးမှူးချုပ် (အောက်မြန်မာပြည်) ရာထူးသို့ စတင်သတင်းပို့ တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၄၂၄/၂၀၁၉)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) အဆင့်ရှိ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးကောင်းမြတ်သိန်း အား ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၁၁/၂၀၁၉) ကြိမ်မြောက် အစည်းအဝေး သဘောတူညီချက်အရ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အဆင့်ရှိ ညွှန်ကြားရေးမှူး (မြို့ပြ) ရာထူးသို့ စတင်သတင်းပို့ တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၄၂၅/၂၀၁၉)

## အရာထမ်းပြောင်းရွှေ့တာဝန်ချထားခြင်း

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးကောင်းမြတ်သိန်း အား ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၁၁/၂၀၁၉) ကြိမ်မြောက် အစည်းအဝေး သဘောတူညီချက်အရ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် ညွှန်ကြားရေးမှူး (မြို့ပြ) ရာထူးသို့ တိုးမြှင့်ခန့်ထားပြီးနောက် ၎င်းနှင့် ယှဉ်တွဲဖော်ပြပါအတိုင်း ပြောင်းရွှေ့တာဝန်ချထားလိုက်သည်-

| စဉ် | အမည် | လက်ရှိဒေသ | ပြောင်းရွှေ့မည့်ဒေသ |
|---|---|---|---|
| (က) | ဦးကောင်းမြတ်သိန်း | ညွှန်ကြားရေးမှူးရုံး တည်ဆောက်ရေး (၉)၊ ရန်ကုန်မြို့။ | ရုံးချုပ်၊ ဖြည့်တင်းရေးဌာနခွဲ၊ နေပြည်တော်။ |

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၄၂၆/၂၀၁၉)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) အဆင့်ရှိ အောက်ဖော်ပြပါ တွဲဖက်ပါမောက္ခ (၆) ဦးအား ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၁၁/၂၀၁၉) ကြိမ်မြောက် အစည်းအဝေး သဘောတူညီချက်အရ ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ်တွင် လစ်လပ်လျက်ရှိသည့် လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အဆင့်ရှိ ပါမောက္ခ ရာထူးသို့ စတင်သတင်းပို့ တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိရာထူး၊ ဌာန | တိုးမြှင့်သည့်ရာထူး၊ ဌာန |
|---|---|---|---|
| (က) | ဒေါက်တာငွေငွေဦး | တွဲဖက်ပါမောက္ခ လယ်ယာသီးနှံပညာဌာန | ပါမောက္ခ လယ်ယာသီးနှံပညာဌာန |
| (ခ) | ဒေါက်တာစိမ့်စမ်းအေး | တွဲဖက်ပါမောက္ခ အပင်ရောဂါဗေဒဌာန | ပါမောက္ခ အပင်ရောဂါဗေဒဌာန |
| (ဂ) | ဒေါက်တာအောင်နိုင်ဦး | တွဲဖက်ပါမောက္ခ ဖြူးနယ်မြေ | ပါမောက္ခ၊ ဖြူးနယ်မြေ |
| (ဃ) | ဒေါက်တာမြင့်သူဇာ | တွဲဖက်ပါမောက္ခ အပင်မျိုးမွေးမြူရေး၊ ဇီဝကမ္မဗေဒနှင့်ဂေဟ ဗေဒဌာန | ပါမောက္ခ အပင်မျိုးမွေးမြူရေး၊ ဇီဝကမ္မဗေဒနှင့်ဂေဟ ဗေဒဌာန |
| (င) | ဒေါက်တာအောင်ကျော်မြင့် | တွဲဖက်ပါမောက္ခ ကျောက်ဆည်နယ်မြေ | ပါမောက္ခ ကျောက်ဆည်နယ်မြေ |
| (စ) | ဒေါက်တာအငယ်ထွေး | တွဲဖက်ပါမောက္ခ မှော်ဘီနယ်မြေ | ပါမောက္ခ၊ မှော်ဘီနယ်မြေ |

ဒေါက်တာအောင်သူ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၂၆၄/၂၀၁၉)**

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၁၄ ရက်

(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်)

၁။ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၅/၂၀၁၉) ၏ သဘောတူဆုံးဖြတ်ချက်အရ မြန်မာအမျိုးသားလေကြောင်း၊ ပုံသန်းမှုလုပ်ငန်းဌာနက လစာနှုန်း (၅၅၀,၀၀၀/-) လေယာဉ်မှူးကြီး ဦးခင်မောင်ငြိမ်း (လရ-၄၃၀၂) ကို နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ (၂၂) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း (၈)၊ နည်းဥပဒေ (၈၁) ပါ ပြဋ္ဌာန်းချက်အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ကို ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့အထိ ခံစားခွင့် ပြုလိုက်သည်။

၂။ ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့မှစ၍ ၎င်းအား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ (၅၆)၊ ပုဒ်မခွဲ (က)၊ ပုဒ်မ (၅၇) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ (၂၃၃)၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၂၆၅/၂၀၁၉)**

၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၅/၂၀၁၉) ၏ သဘောတူဆုံးဖြတ်ချက်အရ မြန်မာအမျိုးသားလေကြောင်းက အမှုဆောင်အရာရှိချုပ် (လေယာဉ်မှူးအငြိမ်းစား) ဦးသန်းထွန်း အား လုပ်ငန်းလိုအပ်ချက်အရ မြန်မာအမျိုးသားလေကြောင်းဥပဒေပုဒ်မ (၁၈)၊ ပုဒ်မခွဲ (ခ) အရ ATR လေယာဉ် ဦးစီးလေယာဉ်မှူးတာဝန်များကို အသက် (၆၅) နှစ်ပြည့်သည်အထိ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနက သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ တစ်နှစ် တစ်ကြိမ် သက်တမ်းတိုးမြှင့် ဆက်လက်တာဝန်ပေးအပ်လိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၂၆၆/၂၀၁၉)**

၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၅/၂၀၁၉) ၏ သဘောတူဆုံးဖြတ်ချက်အရ မြန်မာအမျိုးသားလေကြောင်းက ဒုတိယပုံသန်းရေးဌာနမှူးချုပ်/လေယာဉ်မှူးကြီး (အငြိမ်းစား) ဦးသန်းထွေး အား လုပ်ငန်းလိုအပ်ချက်အရ မြန်မာအမျိုးသားလေကြောင်းဥပဒေပုဒ်မ (၁၈)၊ ပုဒ်မခွဲ (ခ) အရ ATR လေယာဉ်ဦးစီးလေယာဉ်မှူးတာဝန်များကို အသက် (၆၅) နှစ်ပြည့်သည်အထိ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ တစ်နှစ် တစ်ကြိမ် သက်တမ်း တိုးမြှင့် ဆက်လက်တာဝန်ပေးအပ်ခွင့်ပြုလိုက်သည်။

သန့်စင်မောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၁၀/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်

(၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၇ ရက်)

### အမျိုးသားဥယျာဉ် (တိုးချဲ့) သတ်မှတ်ရန်ရည်ရွယ်ကြောင်း အမိန့်ကြော်ငြာစာ ရုပ်သိမ်းခြင်းနှင့် မူလဝေန်ကြိုးဝိုင်းနှင့် ဝေန်ကြိုးဝိုင်း (တိုးချဲ့) အဖြစ် သတ်မှတ်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဝန်ကြီးသည် ၁၉၉၄ ခုနှစ်၊ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဃ) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံး၍ တနင်္သာရီတိုင်းဒေသကြီး၊ တနင်္သာရီမြို့နယ်အတွင်းကျရောက်သည့် ဝေန်ကြိုးဝိုင်းနှင့် ဝေန်ကြိုးဝိုင်း (တိုးချဲ့) ဧရိယာ (၃၄၅၆၀၀) ဧက (၅၄၀) စတုရန်းမိုင်ရှိနယ်မြေကို **လေညာအမျိုးသားဥယျာဉ် (တိုးချဲ့)** အဖြစ် ၁၃၆၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက် (၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်) မှစ၍ သတ်မှတ်ရန် ရည်ရွယ်ကြောင်း အမိန့်ကြော်ငြာစာအမှတ် (၄၃/၂၀၀၄) ဖြင့် ကြေညာခဲ့ပြီး လေညာအမျိုးသားဥယျာဉ် (တိုးချဲ့) သတ်မှတ်ဖွဲ့စည်းရန် အကြောင်းအမျိုးမျိုးကြောင့် ကြေးတိုင်လုပ်ငန်းများဆောင်ရွက်နိုင်မှုမရှိခြင်းကြောင့် သစ်တောဥပဒေဖြင့်လည်း ထိန်းသိမ်းကာကွယ်နိုင်မှုမရှိခြင်း၊ ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေဖြင့်လည်း သက်ရောက်မှုမရှိခြင်းတို့ကြောင့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေပုဒ်မ ၅ အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံးလျက် ရည်ရွယ်ကြောင်းအမိန့်ကြော်ငြာစာအမှတ်၊ (၄၃/၂၀၀၄) အား ၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက် (၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၇ ရက်) မှစ၍ ပြန်လည်ရုပ်သိမ်းကြောင်းနှင့် မူလဝေန်ကြိုးဝိုင်းနှင့် ဝေန်ကြိုးဝိုင်း (တိုးချဲ့) အဖြစ် သတ်မှတ်လိုက်သည်။

**နယ်နိမိတ်အလားအလာဖော်ပြချက်**

၁။ နယ်နိမိတ်လားရာဖော်ပြချက်များမှာ မူလဖွဲ့စည်းထားသည့် သစ်တောကြိုးဝိုင်း၏ နယ်နိမိတ်လားရာများအတိုင်းဖြစ်ပါသည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၁၂/၂၀၁၉)

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက်

(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်)

### အဏ္ဏဝါအမျိုးသားဥယျာဉ်အဖြစ်သတ်မှတ်ရန် ရည်ရွယ်ကြောင်း ကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ် မေလတွင် ပြဋ္ဌာန်းခဲ့သည့် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (ဃ) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံး၍ ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်၊ စစ်တွေမြို့နယ်နှင့် ရသေ့တောင်မြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်း ကျရောက်နေသည့် ကုန်းမြေဧရိယာ (၂၈၆၀. ၄၂) ဧက၊ ဒီရေတောဧရိယာ (၂၉၁. ၅၈) ဧက၊ ရေပြင်ဧရိယာ (၅၇၅၈. ၇၆) ဧက၊ စုစုပေါင်း ဧရိယာအကျယ်အဝန်း (၈၉၁၁. ၇၆) ဧက (၁၃. ၉၂၅) စတုရန်းမိုင်ရှိ မြေကို သဘာဝဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းကာကွယ်ရန်အလို့ငှာ **နံ့သာကျွန်းအဏ္ဏဝါအမျိုးသားဥယျာဉ်** အဖြစ် ၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက် (၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်) နေ့မှစ၍ သတ်မှတ်ရန်ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

**နယ်နိမိတ်အလားအလာဖော်ပြချက်**

၁။ နယ်နိမိတ်လားရာဖော်ပြချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

မြောက်ဘက် ။ ရသေ့တောင်မြို့နယ်၊ အငူမော်ကျေးရွာ၏ အနောက်ဘက် ၄ ဖာလုံခန့်အကွာ ခန့်မှန်းမြေပုံညွှန်း PR-687720 အစပြု၍ အရှေ့တောင်ဘက်သို့ ၁ မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း PR-700709 ထိ၊ ထိုမှ အရှေ့ဘက်သို့ ၁ မိုင် ၁ ဖာလုံခန့်လာရာ အငူမော်ကျွန်းဖျား ခန့်မှန်းမြေပုံညွှန်း PR-721703 ထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့လာရာ ပန်ဇင်မော်ကျွန်းအစ ခန့်မှန်းမြေပုံညွှန်း PR-766722 ထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ၃ ဖာလုံခန့်လာရာ ငှက်ကြီးချောင်းဝ ခန့်မှန်းမြေပုံညွှန်း PR-770727 ထိ၊ ထိုမှ အရှေ့ဘက်သို့ ၂ ဖာလုံခန့်လာရာ မိုစဲပေါက်ချောင်းကမ်းစပ် ခန့်မှန်းမြေပုံညွှန်း 775727 ထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ၄ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း PR-789718 ထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ၆ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း PR-779718 ထိ၊ ထိုမှ အရှေ့ဘက်သို့ ၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း PR-802726 ထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ၁ ဖာလုံခန့်လာရာ ဆားပြင်ကြီးချောင်း ခန့်မှန်းမြေပုံညွှန်း PR-804728 ထိ၊ ထိုမှ အရှေ့ဘက်သို့ ၁ မိုင် ၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း PR-825727 ထိ၊

အရှေ့ဘက် ။ ထိုမှ တောင်ဘက်သို့ ၁ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း PR-826727 ထိ၊

တောင်ဘက် ။ ထိုမှ အနောက်တောင်ဘက်သို့ ကြွေတဲမြစ်အတိုင်း ၂ မိုင် ၇ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း PR-779706 ထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၂ မိုင် ၆ ဖာလုံခန့်လာရာ အမာခံနံ့သာကျွန်းအရှေ့ဘက် ခန့်မှန်းမြေပုံညွှန်း PR-739679 ထိ၊ ထိုမှ တောင်ဘက်သို့ ၃ မိုင် ၂ ဖာလုံခန့်လာရာ လိပ်များဥချသည့် ပေါ်ကျွန်းတောင်ဘက် ခန့်မှန်းမြေပုံညွှန်း PR-722622 ထိ၊ ထိုမှ အနောက်ဘက်သို့ ၁ မိုင် ၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း PR-698629 ထိ၊

အနောက်ဘက် ။ ထိုမှ မြောက်ဘက်သို့ ၁ မိုင် ၇ ဖာလုံခန့်လာရာ အမာခံနံ့သာကျွန်းကမ်းစပ် ခန့်မှန်းမြေပုံညွှန်း PR-708672 ထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၁ မိုင် ၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း PR-693698 ထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၁ မိုင် ၁ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း PR-684719 ထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ၁ ဖာလုံခန့်လာရာ မူလအစပြုသည့် ခန့်မှန်းမြေပုံညွှန်း PR-687720 ထိ။

**တားမြစ်ချက်များ**

၂။ နံ့သာကျွန်းအဏ္ဏဝါအမျိုးသားဥယျာဉ်အဖြစ် ဖွဲ့စည်းရန် ရည်ရွယ်ကြောင်း ကြေညာသည့်နေ့မှစ၍ ထိုနေ့တွင်တည်ရှိသော အခွင့်အရေးများမှအပ အောက်ပါကိစ္စတစ်ခုခုနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါ တားမြစ်ချက်များကိုမပြုလုပ်ရန် တားမြစ်လိုက်သည်-

(က) အဆိုပြုနယ်မြေအတွင်း မည်သည့် ငါးဖမ်းရေယာဉ်မဆို ငါးဖမ်းဆီးခြင်း၊

(ခ) ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊

(ဂ) ရေထု၊ လေထုကို ညစ်ညမ်းစေခြင်း၊ ရေစီး ရေလာပျက်စီးစေခြင်း သို့မဟုတ် ရေတွင် အဆိပ်ခတ်ခြင်း၊ အဆိပ်အတောက်ဖြစ်စေသော ပစ္စည်းကိုဖြစ်စေ၊ ဓာတ်သတ္တုအညစ်အကြေးကိုဖြစ်စေ ခွင့်ပြုချက်မရှိဘဲ လက်ဝယ်ထားရှိခြင်း သို့မဟုတ် စွန့်ပစ်ခြင်း၊

(ဃ) မည်သည့် တောရိုင်းတိရစ္ဆာန်ကိုမျှ အဆိုပြုနယ်မြေအတွင်းသော်လည်းကောင်း၊ ၎င်းနှင့် ဆက်စပ်နေသည့် နေရာဒေသတွင်လည်းကောင်း ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း သို့မဟုတ် အနာတရဖြစ်စေခြင်း၊ ယင်းတောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ယင်း၏ အစိတ်အပိုင်းကိုဖြစ်စေ လက်ဝယ်ထားခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းနှင့် သဘာဝအပင်နှင့် သစ်တောထွက်ပစ္စည်းများ ဖျက်ဆီးခြင်း၊ ခုတ်လှဲခြင်း၊ ထုတ်ယူခြင်း၊ စုဆောင်းခြင်း၊

(င) သက်ရှိသက်မဲ့ဖွဲ့စည်းမှုကိုဖြစ်စေ၊ သဘာဝအနေအထားတည်ရှိမှု တစ်ခုခုကိုဖြစ်စေ ဖျက်ဆီးခြင်း၊

(စ) လူတို့မွေးမြူထားသောတိရစ္ဆာန်များကို စားကျက်ချခြင်း၊ လွှတ်ကျောင်းခြင်း သို့မဟုတ် ကျူးကျော်ဝင်ရောက်စေခြင်း၊

(ဆ) မြေကို တူးဆွခြင်း၊ ထွန်ယက်စိုက်ပျိုးခြင်း သို့မဟုတ် လုပ်ငန်းတစ်ခုခုလုပ်ကိုင်ခြင်း၊

(ဇ) မီးကူးစက်ပြန့်ပွားစေနိုင်သော မီးမွှေးခြင်း၊ မီးဖိုခြင်း၊ မီးသယ်ယူခြင်း သို့မဟုတ် မီးကြွင်းမီးကျန်ထားရှိခြင်း။

**ပဏာမစိစစ်ရေးအဖွဲ့**

၃။ သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် သတ်မှတ်ဖွဲ့စည်းမည့်နယ်မြေရှိ အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်ထားသည့်နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေးနိုင်ရန်နှင့် နယ်မြေသတ်မှတ်ဖွဲ့စည်းရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (င) အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များပါဝင်သည့် ပဏာမစိစစ်ရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

(က) မြို့နယ်အုပ်ချုပ်ရေးမှူး — ဥက္ကဋ္ဌ
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
စစ်တွေ/ရသေ့တောင်မြို့နယ်၊ ရခိုင်ပြည်နယ်

(ခ) မြို့နယ်ဦးစီးမှူး — အဖွဲ့ဝင်
လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန
စစ်တွေ/ရသေ့တောင်မြို့နယ်၊ ရခိုင်ပြည်နယ်

(ဂ) မြို့နယ်ဦးစီးမှူး — အဖွဲ့ဝင်
ငါးလုပ်ငန်းဦးစီးဌာန
စစ်တွေ/ရသေ့တောင်မြို့နယ်၊ ရခိုင်ပြည်နယ်

(ဃ) ဒေသခံတိုင်းရင်းသားပြည်သူများကိုယ်စားလှယ် — အဖွဲ့ဝင်
မကျည်းချောင်းအုပ်စု၊ ဆားပြင်ကြီးအုပ်စု
ရသေ့တောင်မြို့၊ ရခိုင်ပြည်နယ်

(င) ဒေသခံတိုင်းရင်းသားပြည်သူများကိုယ်စားလှယ် — အဖွဲ့ဝင်
အောင်ဒိုင်ကျေးရွာအုပ်စု
စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ်

(စ) တာဝန်ခံ (BANCA) — အဖွဲ့ဝင်
ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသင်း
စစ်တွေမြို့၊ ရခိုင်ပြည်နယ်

(ဆ) မြို့နယ်တာဝန်ခံ — အတွင်းရေးမှူး
သစ်တောဦးစီးဌာန
ရသေ့တောင်မြို့၊ ရခိုင်ပြည်နယ်

၄။ **လုပ်ငန်းတာဝန်။** ပဏာမစိစစ်ရေးအဖွဲ့သည် နောက်ဆက်တွဲ (က) ပါ ကြေးတိုင်ပုံစံများအရ သတ်မှတ်ဖွဲ့စည်းမည့် သဘာဝထိန်းသိမ်းရေးနယ်မြေတည်ရှိရာ နယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို စုံစမ်းစစ်ဆေးရန်နှင့် နယ်မြေသတ်မှတ်ရန်အတွက် အောက်ပါလုပ်ငန်းတာဝန်များကို လိုက်နာဆောင်ရွက်ရမည်-

(က) နံ့သာကျွန်းအဏ္ဏဝါအမျိုးသားဥယျာဉ် သတ်မှတ်ဖွဲ့စည်းမည့်အကြောင်းနှင့် သတ်မှတ်ဖွဲ့စည်းရန် ရည်ရွယ်ကြောင်း ကြိုတင်ကြေညာသည့် နယ်မြေဒေသရှိ အများပြည်သူတို့သည် မိမိတို့၏ အခွင့်အရေးများ ထိခိုက်နစ်နာမှုရှိပါက ခိုင်လုံသောအထောက်အထားဖြင့် ပဏာမစိစစ်ရေးအဖွဲ့သို့

ကြိုတင်ကြေညာသည့်နေ့မှ ရက်ပေါင်း (၉၀) အတွင်း တင်ပြတောင်းခံနိုင်ရေး၊ ဆိုင်ရာဆိုင်ခွင့်လျှောက်ထားနိုင်ကြောင်း သက်ဆိုင်သူအားလုံးသိရှိစေရန် သက်ဆိုင်ရာ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးများမှတစ်ဆင့် အသိပေးကြေညာခြင်း၊

(ခ) ရည်ရွယ်ကြောင်းကြေညာထားသည့် နယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေးမနစ်နာစေရေး လျှောက်ထားတင်ပြလာသူ တစ်ဦးချင်းစီ၏ ဆိုင်ရာဆိုင်ခွင့်လျှောက်ထားချက်များအား အထောက်အထားခိုင်လုံမှု ရှိ မရှိကို စစ်ဆေးခြင်း ရှိ မရှိနှင့် စာရင်းများကို ကြေးတိုင်ပုံစံတွင် ထည့်သွင်းဖော်ပြနိုင်ရန် ပြုစုခြင်း၊

(ဂ) အဆိုပါ တင်ပြလျှောက်ထားလာမှုနှင့်ပတ်သက်၍ တရားမကျင့်ထုံးဥပဒေအရ လိုအပ်သော သက်သေများကို ဆင့်ခေါ်ခြင်းနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများ စစ်ဆေးခြင်း၊ အစိုးရက ခွင့်ပြုရန်ရှိသည့်ကိစ္စအတွက် ထောက်ခံတင်ပြသည့်လျော်ကြေးငွေစာရင်းကို ပြုစုခြင်း၊

(ဃ) သတ်မှတ်သည့်နယ်မြေဒေသအတွင်း လူနေကျေးရွာများ၊ အများပိုင်မြေများ၊ အစိုးရဌာနစီမံခန့်ခွဲခွင့်ရှိသည့်မြေများ၊ ဘာသာရေးဆိုင်ရာမြေများ စသည်တို့ကို ချန်လှပ်ခြင်း၊ ထည့်သွင်းဖွဲ့စည်းသင့်သည့် မြေအမျိုးအစားများအတွက် ဒေသခံများအသုံးချနေသည့်မြေများကို ဆိုင်ရာဆိုင်ခွင့်စာရင်းတွင် ထည့်သွင်းခြင်း၊ ကြားခံနယ်မြေများကို ဖော်ထုတ်သတ်မှတ်ခြင်း၊

(င) ကြေးတိုင်ပုံစံများကို လုပ်ထုံးလုပ်နည်းနှင့်အညီပြုစု၍ သတ်မှတ်အချိန်ကာလအတွင်း နံ့သာကျွန်း အဏ္ဏဝါအမျိုးသားဥယျာဉ် ဖွဲ့စည်းမည့်ဧရိယာ၏ အမိန့်ကြော်ငြာစာ (မူကြမ်း) နှင့်တကွ ပြန်လည်တင်ပြခြင်း။

၅။ ဤအမိန့်ကြော်ငြာစာပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ပါက ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေအရ အရေးယူခြင်းခံရမည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၁၃/၂၀၁၉)

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်
(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်)

### ဒုံးကျွန်းစုအဏ္ဏဝါအမျိုးသားဥယျာဉ်အဖြစ်သတ်မှတ်ရန်ရည်ရွယ်ကြောင်း ကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ် မေလတွင် ပြဋ္ဌာန်းခဲ့သည့် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (ဃ) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံး၍ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ကျွန်းစုမြို့နယ်အတွင်းရှိ အောက်ဖော်ပြပါနယ်နိမိတ်များအတွင်း ကျရောက်နေသည့် ကုန်းမြေဧရိယာ (၇၈၁၁၆) ဧက၊ ရေပြင်ဧရိယာ (၂၈၈၅၈၀) ဧက၊ စုစုပေါင်း (၃၆၆၆၉၆) ဧက (၅၇၂. ၉၆) စတုရန်းမိုင်ရှိမြေကို သဘာဝဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရန်အလို့ငှာ **ဒုံးကျွန်းစုအဏ္ဏဝါအမျိုးသားဥယျာဉ်** အဖြစ် ၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက် (၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်) နေ့မှစ၍ သတ်မှတ်ရန်ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

### နယ်နိမိတ်အလားအလာဖော်ပြချက်

၁။ နယ်နိမိတ်လားရာဖော်ပြချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

မြောက်ဘက် ။ ဒုံးကျွန်းစုအဏ္ဏဝါအမျိုးသားဥယျာဉ်၏ မြောက်ဘက် နယ်နိမိတ်မျဉ်းအမှတ်-A ခန့်မှန်းမြေပုံအညွှန်း LP-957831 မှအစပြု၍ အရှေ့မြောက်ဘက်သို့ ၄ မိုင် ၃ ဖာလုံခန့်လာရာ ဘူစွာကျွန်း၏ မြောက်ဘက် အမှတ်-B ခန့်မှန်းမြေပုံအညွှန်း MP-027835 ထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ၅ မိုင် ၁ ဖာလုံခန့်လာရာ စာတန်းကျွန်း၏ အရှေ့မြောက်ဘက် အမှတ်-C ခန့်မှန်းမြေပုံအညွှန်း MP-108817 ထိ၊

အရှေ့ဘက် ။ ထိုမှ အရှေ့တောင်ဘက်သို့ ၉ မိုင် ၁ ဖာလုံခန့်လာရာ ပတန်ကျွန်း၏အရှေ့ဘက် အမှတ်-D ခန့်မှန်းမြေပုံအညွှန်း MP-124669 ထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၅ မိုင် ၆ ဖာလုံခန့်လာရာ ကောက်ရိုးပုံကျွန်း၏အရှေ့ဘက် အမှတ်-E ခန့်မှန်းမြေပုံအညွှန်း MP-096581 ထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ၇ မိုင် ၁ ဖာလုံခန့်လာရာ ဝတီကျွန်း၏ အရှေ့မြောက်ဘက် အမှတ်-F ခန့်မှန်းမြေပုံအညွှန်း MP-111467 ထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ၄ မိုင် ၃ ဖာလုံခန့်လာရာ အမှတ်-G ခန့်မှန်းမြေပုံအညွှန်း MP-107399 ထိ၊ ထိုမှ အနောက်ဘက် ယွန်းယွန်းသို့ ၇ မိုင် ၄ ဖာလုံခန့်လာရာ နတ်သမီးကျွန်း၏တောင်ဘက်ထိပ် အမှတ်-H ခန့်မှန်းမြေပုံအညွှန်း LP-989198 ထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၁၃ မိုင် ၃ ဖာလုံခန့်လာရာ မီးစိမ်းကျွန်း၏ အရှေ့တောင်ဘက်ထိပ် အမှတ်-I ခန့်မှန်းမြေပုံအညွှန်း LP-943187 ထိ၊

တောင်ဘက် ။ ထိုမှ အနောက်တောင်ဘက်သို့ ၄ မိုင် ၃ ဖာလုံခန့်လာရာ အမှတ်-J မီးစိမ်းကျွန်း၏ အနောက်တောင်ဘက်ထိပ် ခန့်မှန်းမြေပုံအညွှန်း LP-872180 ထိ၊ ထိုမှ အနောက်မြောက်ဘက်အတိုင်း ၅ မိုင် ၆ ဖာလုံခန့်လာရာ အမှတ်-K မီးနင်းကျွန်း၏ အနောက်တောင်ဘက်ထိပ် ခန့်မှန်းမြေပုံအညွှန်း LP-804243 အထိ၊

အနောက်ဘက် ။ ထိုမှ အရှေ့မြောက်ဘက်သို့ ၁၅ မိုင် ၄ ဖာလုံခန့်လာရာ အမှတ်-L ခန့်မှန်းမြေပုံညွှန်း LP-882477 အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၇ မိုင် ၁ ဖာလုံခန့်လာရာ တောင်နီတောင်ကျွန်း၏ အနောက်တောင်ဘက်ထိပ်အနီးထိ အမှတ်-M ခန့်မှန်းမြေပုံညွှန်း LP-776519 အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၃ မိုင် ၃ ဖာလုံခန့်လာရာ ပါပန့်ကျွန်း၏ အနောက်တောင်ဘက်ထိပ် အမှတ်-N ခန့်မှန်းမြေပုံညွှန်း LP-762570 အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ၈ မိုင် ၆ ဖာလုံခန့်လာရာ ဖလွန်တောင်ကျွန်း၏ အနောက်ဘက်ထိပ်အနီး အမှတ်-O ခန့်မှန်းမြေပုံညွှန်း LP-815703 အထိ၊ ထိုမှ အရှေ့မြောက်ဘက် မူလစတင်ရာအမှတ်သို့ ၁၁ မိုင် ၆ ဖာလုံခန့်လာရာ အမှတ်-A ခန့်မှန်းမြေပုံအညွှန်း LP-957831 အထိ။

**တားမြစ်ချက်များ**

၂။ ဗိုးကျွန်းစုအင်္ဂါဝါအမျိုးသားဥယျာဉ်အဖြစ် တည်ထောင်ရန်ရည်ရွယ်ကြောင်း ကြေညာသည့်နေ့မှစ၍ ထိုနေ့တွင်တည်ရှိသော အခွင့်အရေးများမှအပ အောက်ပါကိစ္စတစ်ခုခုနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါ တားမြစ်ချက်များကို မပြုလုပ်ရန်တားမြစ်လိုက်သည်-

(က) အဆိုပြုနယ်မြေအတွင်း မည်သည့် ငါးဖမ်းရေယာဉ်မဆို ငါးဖမ်းဆီးခြင်း၊

(ခ) ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊

(ဂ) ရေထု၊ လေထုကို ညစ်ညမ်းစေခြင်း၊ ရေစီး ရေလာပျက်စီးစေခြင်း သို့မဟုတ် ရေတွင် အဆိပ်ခတ်ခြင်း၊ အဆိပ်အတောက်ဖြစ်စေသော ပစ္စည်းကိုဖြစ်စေ၊ ဓာတ်သတ္တုအညစ်အကြေးကိုဖြစ်စေ ခွင့်ပြုချက်မရှိဘဲ လက်ဝယ်ထားရှိခြင်း သို့မဟုတ် စွန့်ပစ်ခြင်း၊

(ဃ) မည်သည့် တောရိုင်းတိရစ္ဆာန်ကိုမျှ အဆိုပြုနယ်မြေအတွင်းသော်လည်းကောင်း၊ ၎င်းနှင့် ဆက်စပ်နေသည့် နေရာဒေသတွင်လည်းကောင်း ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း သို့မဟုတ် အနာတရဖြစ်စေခြင်း၊ ယင်းတောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ယင်း၏ အစိတ်အပိုင်းကိုဖြစ်စေ လက်ဝယ်ထားခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းနှင့် သဘာဝအပင်နှင့် သစ်တောထွက်ပစ္စည်းများ ဖျက်ဆီးခြင်း၊ ခုတ်လှဲခြင်း၊ ထုတ်ယူခြင်း၊ စုဆောင်းခြင်း၊

(င) သက်ရှိသက်မဲ့ဖွဲ့စည်းမှုကိုဖြစ်စေ၊ သဘာဝအနေအထားတည်ရှိမှု တစ်ခုခုကိုဖြစ်စေ ဖျက်ဆီးခြင်း၊

(စ) လူတို့မွေးမြူထားသောတိရစ္ဆာန်များကို စားကျက်ချခြင်း၊ လွှတ်ကျောင်းခြင်း သို့မဟုတ် ကျူးကျော်ဝင်ရောက်စေခြင်း၊

(ဆ) မြေကို တူးဆွခြင်း၊ ထွန်ယက်စိုက်ပျိုးခြင်း သို့မဟုတ် လုပ်ငန်းတစ်ခုခုလုပ်ကိုင်ခြင်း၊

(ဇ) မီးကူးစက်ပြန့်ပွားစေနိုင်သော မီးမွှေးခြင်း၊ မီးဖိုခြင်း၊ မီးသယ်ယူခြင်း သို့မဟုတ် မီးကြွင်းမီးကျန်ထားရှိခြင်း။

**ပဏာမစိစစ်ရေးအဖွဲ့**

၃။ သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် သတ်မှတ်တည်ထောင်မည့်နယ်မြေရှိ အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်ထားသည့်နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေးနိုင်ရန်နှင့် နယ်မြေသတ်မှတ်တည်ထောင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (င) အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များပါဝင်သည့် ပဏာမစိစစ်ရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

| | | |
|---|---|---|
| (က) | အုပ်ချုပ်ရေးမှူး<br>မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျွန်းစုမြို့နယ် | ဥက္ကဋ္ဌ |
| (ခ) | ဦးစီးအရာရှိ<br>လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန<br>ကျွန်းစုမြို့နယ် | အဖွဲ့ဝင် |
| (ဂ) | ဦးစီးအရာရှိ<br>စိုက်ပျိုးရေးဦးစီးဌာန၊ ကျွန်းစုမြို့နယ် | အဖွဲ့ဝင် |
| (ဃ) | မြို့နယ်ဦးစီးဌာနမှူး<br>ငါးလုပ်ငန်းဦးစီးဌာန၊ ကျွန်းစုမြို့နယ် | အဖွဲ့ဝင် |
| (င) | ဒေသခံတိုင်းရင်းသားပြည်သူကိုယ်စားလှယ်<br>ဒုံးကမာချောင်းကျေးရွာ၊ ကျွန်းစုမြို့နယ် | အဖွဲ့ဝင် |
| (စ) | ဒေသခံတိုင်းရင်းသားပြည်သူကိုယ်စားလှယ်<br>ရေမြစ်ကြီးကျေးရွာအုပ်စု၊ ကျွန်းစုမြို့နယ် | အဖွဲ့ဝင် |
| (ဆ) | မြို့နယ်ဦးစီးဌာနမှူး<br>သစ်တောဦးစီးဌာန၊ ကျွန်းစုမြို့နယ် | အတွင်းရေးမှူး |

၄။ **လုပ်ငန်းတာဝန်။** ပဏာမစိစစ်ရေးအဖွဲ့သည် နောက်ဆက်တွဲ (က) ပါ ကြေးတိုင်ပုံစံများအရ သတ်မှတ်တည်ထောင်မည့် သဘာဝထိန်းသိမ်းရေးနယ်မြေတည်ရှိရာ နယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို စုံစမ်းစစ်ဆေးရန်နှင့် နယ်မြေသတ်မှတ်ရန်အတွက် အောက်ပါလုပ်ငန်းတာဝန်များကို လိုက်နာဆောင်ရွက်ရမည်-

(က) ဒုံးကျွန်းစုအဏ္ဏဝါအမျိုးသားဥယျာဉ် သတ်မှတ်ဖွဲ့စည်းမည့်အကြောင်းနှင့် သတ်မှတ်ဖွဲ့စည်းရန် ရည်ရွယ်ကြောင်း ကြိုတင်ကြေညာသည့် နယ်မြေဒေသရှိ အများပြည်သူတို့သည် မိမိတို့၏ အခွင့်အရေးများ ထိခိုက်နစ်နာမှုရှိပါက ခိုင်လုံသောအထောက်အထားဖြင့် ပဏာမစိစစ်ရေးအဖွဲ့သို့ ကြိုတင်ကြေညာသည့်နေ့မှ ရက်ပေါင်း (၉၀) အတွင်း တင်ပြတောင်းခံနိုင်ရေး၊ ဆိုင်ရာဆိုင်ခွင့် လျှောက်ထားနိုင်ကြောင်း သက်ဆိုင်သူအားလုံးသိရှိစေရန် သက်ဆိုင်ရာ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးများမှတစ်ဆင့် အသိပေးကြေညာခြင်း၊

(ခ) ရည်ရွယ်ကြောင်းကြေညာထားသည့် နယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေး မနစ်နာစေရေး လျှောက်ထားတင်ပြလာသူ တစ်ဦးချင်းစီ၏ ဆိုင်ရာဆိုင်ခွင့်လျှောက်ထားချက်များအား အထောက်အထား ခိုင်လုံမှု ရှိ မရှိကို စစ်ဆေးခြင်း ရှိ မရှိနှင့် စာရင်းများကို ကြေးတိုင်ပုံစံတွင် ထည့်သွင်းဖော်ပြနိုင်ရန် ပြုစုခြင်း၊

(ဂ) အဆိုပါ တင်ပြလျှောက်ထားလာမှုနှင့်ပတ်သက်၍ တရားမကျင့်ထုံးဥပဒေအရ လိုအပ်သော သက်သေများကို ဆင့်ခေါ်ခြင်းနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများ စစ်ဆေးခြင်း၊ အစိုးရက ခွင့်ပြုရန်ရှိသည့်ကိစ္စအတွက် ထောက်ခံတင်ပြသည့်လျော်ကြေးငွေစာရင်းကို ပြုစုခြင်း၊

(ဃ) သတ်မှတ်သည့်နယ်မြေဒေသအတွင်း လူနေကျေးရွာများ၊ အများပိုင်မြေများ၊ အစိုးရဌာနစီမံခန့်ခွဲခွင့် ရှိသည့်မြေများ၊ ဘာသာရေးဆိုင်ရာမြေများ စသည်တို့ကို ချန်လှပ်ခြင်း၊ ထည့်သွင်းဖွဲ့စည်းသင့်သည့်

မြေအမျိုးအစားများအတွက် ဒေသခံများအသုံးချနေသည့်မြေများကို ဆိုင်ရာဆိုင်ခွင့်စာရင်းတွင် ထည့်သွင်းခြင်း၊ ကြားခံနယ်မြေများကို ဖော်ထုတ်သတ်မှတ်ခြင်း၊

(င) ကြေးတိုင်ပုံစံများကို လုပ်ထုံးလုပ်နည်းနှင့်အညီပြုစု၍ သတ်မှတ်အချိန်ကာလအတွင်း ဒိုးကျွန်းစု အဏ္ဏဝါအမျိုးသားဥယျာဉ် ဖွဲ့စည်းမည့်ဧရိယာ၏ အမိန့်ကြော်ငြာစာ (မူကြမ်း) နှင့်တကွ ပြန်လည်တင်ပြခြင်း။

၅။ ဤအမိန့်ကြော်ငြာစာပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ပါက ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေအရ အရေးယူခြင်းခံရမည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၄၄/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်

(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်)

## ဘူမိရုပ်သွင်ထူးခြားသည့်နယ်မြေသတ်မှတ်ကြောင်းကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ၂၀၁၈ ခုနှစ် မေလတွင်ထုတ်ပြန်သည့် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (ဃ) အရအပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံး၍ ကရင်ပြည်နယ်၊ ဘားအံခရိုင်၊ ဘားအံမြို့နယ်အတွင်းကျရောက်သည့် အကျယ်အဝန်း (၇၅) ဧကရှိမြေကို ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းကာကွယ်ရန်အလို့ငှာ "ကျွဲသာသယလိုဏ်ဂူဘူမိရုပ်သွင်ထူးခြားသည့်နယ်မြေ" အဖြစ် ၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက် (၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်) မှစတင်၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

### နယ်နိမိတ်အလားအလာဖော်ပြချက်

၁။ နယ်နိမိတ်လားရာဖော်ပြချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

မြောက်ဘက် ။ ဦးစံမောင်တင်၏ လယ်အနီး ခန့်မှန်းမြေပုံညွှန်း N-392485 မှ အရှေ့တောင်ဘက်သို့ ၃၀၅ ကိုက်ခန့်လာရာ ဦးအောင်သိန်းမြိုင်၏ လယ်ထိပ် ခန့်မှန်းမြေပုံညွှန်း N-394484 အထိလည်းကောင်း ထိုမှ အရှေ့တောင်ဘက်သို့ ၁၃၀ ကိုက်ခန့်လာရာ ဦးလှကုန်၏ လယ်အနီး ခန့်မှန်းမြေပုံညွှန်း N-395483 အထိ၊

အရှေ့ဘက် ။ ထိုမှ အရှေ့တောင်ဘက်သို့ ၁၂၀ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N-395482 အထိလည်းကောင်း၊ ထိုမှ အရှေ့ဘက်သို့ ၁၁၀ ကိုက်ခန့်လာရာ လူသွားလမ်းအနီး ခန့်မှန်းမြေပုံညွှန်း N-396482 အထိလည်းကောင်း၊ ထိုမှ အရှေ့တောင်ဘက်သို့ ၁၄၀ ကိုက်ခန့်လာရာ ဦးစောချစ်မောင်၏ လယ်အနီး ခန့်မှန်းမြေပုံညွှန်း N-397481 အထိလည်းကောင်း၊ ထိုမှ အနောက်တောင်ဘက်သို့ ၁၀၀ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N-397480 အထိလည်းကောင်း၊ ထိုမှ အရှေ့ဘက်သို့ ၁၀၀ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N-398480 အထိလည်းကောင်း၊ ထိုမှ အရှေ့တောင်ဘက်သို့ ၅၀ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N-398479 အထိလည်းကောင်း၊ ထိုမှ အရှေ့ဘက်သို့ ၉၀ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N-399479 အထိလည်းကောင်း၊ ထိုမှ တောင်ဘက်သို့ ၁၃၀ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N-399478 အထိလည်းကောင်း ထိုမှ တောင်ဘက်သို့ ၁၅၀ ကိုက်ခန့်လာရာ ဦးကဗျာလွတ်၏ လယ်ထိပ်အနီး ခန့်မှန်းမြေပုံညွှန်း N-400477 အထိ၊

တောင်ဘက် ။ ထိုမှတစ်ဆင့် အနောက်ဘက်သို့ ၁၅၀ ကိုက်ခန့်လာရာ လူသွားလမ်းအနီး ခန့်မှန်းမြေပုံညွှန်း N-398477 ထိလည်းကောင်း၊ ထိုမှ အနောက်မြောက်ဘက်သို့ ၁၂၀ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N-398477 ထိလည်းကောင်း၊ ထိုမှ အနောက်ဘက်သို့ ၃၂၀ ကိုက်ခန့်လာရာ ဦးမောင်ဖိုးစိန်၏လယ်အနီး ခန့်မှန်းမြေပုံညွှန်း N-394478 ထိလည်းကောင်း၊ ထိုမှ

အနောက်မြောက်ဘက်သို့ ၃၅၀ ကိုက်ခန့်လာရာ လိုဏ်ဂူဝအနီး ခန့်မှန်းမြေပုံညွှန်း N-393481 ထိလည်းကောင်း၊ ထိုမှ အနောက်မြောက်ဘက်သို့ ၁၇၀ ကိုက်ခန့်လာရာ ဒေါ်နော်မူမူ၏ လယ်အနီး ခန့်မှန်းမြေပုံညွှန်း N-391482 ထိလည်းကောင်း ထိုမှ အနောက်မြောက်ဘက်သို့ ၂၅၀ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N-388483 ထိ၊

အနောက်ဘက် ။ ထိုမှ တောင်ပတ်လမ်းအတိုင်း အရှေ့မြောက်ဘက်သို့ ၂၃၀ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N-391484 ထိလည်းကောင်း၊ ထိုမှ မြောက်ဘက်သို့ ၁၅၀ ကိုက်ခန့်လာရာ မူလစတင်သည့် ဦးစံမောင်တင်၏လယ်အနီး ခန့်မှန်းမြေပုံညွှန်း N-392485 ထိ။

**တားမြစ်ချက်များ**

၂။ ကွက္ကသာသယလိုဏ်ဂူဘူမိရုပ်သွင်ထူးခြားသည့်နယ်မြေအဖြစ် သတ်မှတ်သည့်နယ်မြေအတွင်း အောက်ဖော်ပြပါ တားမြစ်ချက်များကို မပြုလုပ်ရန်တားမြစ်လိုက်သည်-

(က) ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊

(ခ) ရေထု၊ လေထုကို ညစ်ညမ်းစေခြင်း၊ ရေစီး ရေလာပျက်စီးစေခြင်း သို့မဟုတ် ရေတွင်အဆိပ်ခတ်ခြင်း၊ အဆိပ်အတောက်ဖြစ်စေသောပစ္စည်းကိုဖြစ်စေ ဓာတ်သတ္တုအညစ်အကြေးကိုဖြစ်စေ ခွင့်ပြုချက်မရှိဘဲ လက်ဝယ်ထားရှိခြင်း သို့မဟုတ် စွန့်ပစ်ခြင်း၊

(ဂ) မည်သည့် တောရိုင်းတိရစ္ဆာန်ကိုမျှ အဆိုပြုနယ်မြေအတွင်းသော်လည်းကောင်း၊ ၎င်းနှင့်ဆက်စပ်နေသည့် နေရာဒေသတွင်လည်းကောင်း ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း သို့မဟုတ် အနာတရဖြစ်စေခြင်း၊ ယင်းတောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ယင်း၏အစိတ်အပိုင်းကိုဖြစ်စေ လက်ဝယ်ထားခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ သဘာဝအပင်နှင့် သစ်တောထွက်ပစ္စည်းများ ဖျက်ဆီးခြင်း၊ ခုတ်လှဲခြင်း၊ ထုတ်ယူခြင်း၊ စုဆောင်းခြင်း၊

(ဃ) သက်ရှိသက်မဲ့ဖွဲ့စည်းမှုကိုဖြစ်စေ၊ သဘာဝအနေအထားတည်ရှိမှု တစ်ခုခုကိုဖြစ်စေ ဖျက်ဆီးခြင်း၊

(င) လူတို့မွေးမြူထားသောတိရစ္ဆာန်များကို စားကျက်ချခြင်း၊ လွှတ်ကျောင်းခြင်း သို့မဟုတ် ကျူးကျော်ဝင်ရောက်စေခြင်း၊

(စ) မြေကို တူးဆွခြင်း၊ ထွန်ယက်စိုက်ပျိုးခြင်း သို့မဟုတ် လုပ်ငန်းတစ်ခုခုလုပ်ကိုင်ခြင်း၊

(ဆ) မီးကူးစက်ပြန့်ပွားစေနိုင်သော မီးမွှေးခြင်း၊ မီးဖိုခြင်း၊ မီးသယ်ယူခြင်း သို့မဟုတ် မီးကြွင်းမီးကျန်ထားရှိခြင်း။

၃။ **ခွင့်ပြုသည့် ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ**

| စဉ် | အခွင့်ရသူ၏အကြောင်းအရာ | ခွင့်ပြုသည့်ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ |
|---|---|---|
| | မရှိပါ | မရှိပါ |

၄။ ဤအမိန့်ကြော်ငြာစာပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ပါက ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေအရ အရေးယူခြင်းခံရမည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၄၅/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်
(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်)

## ဘူမိဥယျာဉ်ဆိုင်ရာ လုပ်ငန်းကော်မတီဖွဲ့စည်းခြင်း

၁။ အမျိုးသားအဆင့် ဘူမိဥယျာဉ် (Geopark) များ စနစ်တကျသတ်မှတ်တည်ထောင်သည့် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်နှင့် ကမ္ဘာ့အဆင့်နှင့် အမျိုးသားအဆင့် ဘူမိဥယျာဉ်တို့သတ်မှတ်ရေးအား

ကြီးကြပ်ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားအဆင့် ဘူမိဥယျာဉ်ဆိုင်ရာ ကော်မတီအောက်တွင် ဘူမိဥယျာဉ်ဆိုင်ရာလုပ်ငန်းကော်မတီကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်<br>အစိုးရအဖွဲ့များမှ ကိုယ်စားလှယ်တစ်ဦးစီ | အဖွဲ့ဝင် |
| (ဂ) | အမြဲတမ်းအတွင်းဝန် (သစ်တောနှင့် ပတ်ဝန်းကျင်ရေးရာ)<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန<br>ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန<br>ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ပါမောက္ခချုပ်၊ မန္တလေးတက္ကသိုလ်၊ ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ပါမောက္ခချုပ်၊ မုံရွာတက္ကသိုလ်၊ ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ပါမောက္ခချုပ်၊ မြစ်ကြီးနားတက္ကသိုလ်၊ ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ပါမောက္ခချုပ်၊ တောင်ကြီးတက္ကသိုလ်၊ ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ပါမောက္ခချုပ်၊ ဘားအံတက္ကသိုလ်၊ ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | အထွေထွေအတွင်းရေးမှူး၊ UNESCO အမျိုးသားကော်မရှင် | အဖွဲ့ဝင် |
| (တ) | အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံဘူမိသိပ္ပံအသင်းကော်မတီ | အဖွဲ့ဝင် |
| (ထ) | ဥက္ကဋ္ဌ၊ Geopark ကော်မတီ၊ မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း | အဖွဲ့ဝင် |
| (ဒ) | ကိုယ်စားလှယ်တစ်ဦး၊ UNESCO - မြန်မာနိုင်ငံရုံး | အဖွဲ့ဝင် |
| (ဓ) | ညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

၂။ ဘူမိဥယျာဉ်ဆိုင်ရာလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ဘူမိဥယျာဉ်အား အများပြည်သူမှ သိမြင်မှု မြှင့်တင်ခြင်း၊

(ခ) အမျိုးသားအဆင့် ဘူမိဥယျာဉ်များသတ်မှတ်ခံရရေး ဆောင်ရွက်ခြင်း၊

(ဂ) ယူနက်စကို ကမ္ဘာအဆင့်ဘူမိဥယျာဉ်အဖြစ် အမည်စာရင်းတင်သွင်းနိုင်ရေး ဆောင်ရွက်ခြင်း၊

(ဃ) သတ်မှတ်ပြီးသည့် အမျိုးသားအဆင့်ဘူမိဥယျာဉ်နှင့် အမျိုးသားအဆင့်ဘူမိဥယျာဉ်များ သတ်မှတ်ခံရရေး ဆောင်ရွက်နေမှုအား အမျိုးသားအဆင့်ဘူမိဥယျာဉ်ဆိုင်ရာကော်မတီသို့ အစီရင်ခံတင်ပြခြင်း၊

(င) လုပ်ငန်းကော်မတီအစည်းအဝေးအား အနည်းဆုံး (၁) နှစ်လျှင် (၃) ကြိမ် ပုံမှန်ခေါ်ယူကျင်းပခြင်း၊ လိုအပ်ပါက ကြားဖြတ်အစည်းအဝေးကို ခေါ်ယူကျင်းပခြင်း၊

(စ) လုပ်ငန်းကော်မတီအစည်းအဝေးရလဒ်များကို အမျိုးသားအဆင့်ဘူမိဥယျာဉ်ဆိုင်ရာကော်မတီသို့ တင်ပြခြင်း၊

(ဆ) လုပ်ငန်းကော်မတီအစည်းအဝေးသို့ လိုအပ်ပါက ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူများနှင့် ဆက်စပ်ပတ်သက်သူများအား ဖိတ်ကြားခြင်း။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၅၃/၂၀၁၉)

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဌာန/လုပ်ငန်းများ၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ သာမန်နှင့် ငွေလုံးငွေရင်းရန်ပုံငွေများမှ ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများ ပစ္စည်းဝယ်ယူမှုလုပ်ငန်းများအတွက် နိုင်ငံတော်သမ္မတရုံးမှ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၀ ရက်စွဲဖြင့် ထုတ်ပြန်သည့် ညွှန်ကြားချက်အမှတ် (၁/၂၀၁၇) နှင့်အညီ အစိုးရဌာန/အဖွဲ့အစည်းများ၏ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများဆောင်ရွက်ရာတွင် လိုက်နာရမည့် တင်ဒါလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နိုင်ရန်အတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ တင်ဒါကော်မတီ (ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ) ကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | | |
|---|---|---|---|
| (က) | ဒေါက်တာရဲမြင့်ဆွေ | ဒုတိယဝန်ကြီး | ဥက္ကဋ္ဌ |
| (ခ) | ဦးခင်မောင်ရီ | အမြဲတမ်းအတွင်းဝန် | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒေါက်တာညီညီကျော် | ညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဦးစောဂျွန်ရွှေဘ | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့သစ်လုပ်ငန်း | အဖွဲ့ဝင် |
| (င) | ဦးဌေးအောင် | ညွှန်ကြားရေးမှူးချုပ်<br>အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ဦးလှမောင်သိန်း | ညွှန်ကြားရေးမှူးချုပ်<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဦးသက်ဦး | ညွှန်ကြားရေးမှူးချုပ်<br>မြေတိုင်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒေါက်တာစန်းဝင်း | ခေတ္တပါမောက္ခချုပ်<br>သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ် | အဖွဲ့ဝင် |
| (စျ) | ဦးမိုးအောင် | အထွေထွေမန်နေဂျာ (အင်ဂျင်နီယာ)<br>မြန်မာ့သစ်လုပ်ငန်း | အတွင်းရေးမှူး |

၂။ အဆိုပါ တင်ဒါကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) ကျပ် (၁၀) သန်းအောက် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းလုပ်ငန်းများအတွက် တင်ဒါခေါ်ယူရန်မလိုအပ်ဘဲ တင်ဒါကော်မတီအနေဖြင့် ပစ္စည်းပေးသွင်းသူ သို့မဟုတ် ဝန်ဆောင်မှုဆောင်ရွက်ပေးသူများအနက်မှ ယုံကြည်စိတ်ချရသော အနည်းဆုံးကုမ္ပဏီ (၃) ခုအား ဈေးနှုန်းအဆိုပြုလွှာတောင်းခံပြီး ဈေးနှုန်းအနည်းဆုံးတင်သွင်းသူထံမှ ဝယ်ယူခြင်း သို့မဟုတ် ဝန်ဆောင်မှုရယူခြင်း၊

(ခ) ကျပ် (၁၀) သန်းမှ ကျပ်သန်း (၁၀၀) အထိ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူရာတွင် သက်ဆိုင်ရာဝန်ကြီးဌာန၊ ကြော်ငြာသင်ပုန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများ၏ ကြော်ငြာသင်ပုန်းများတွင် တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် ရက်သတ္တပတ် (၂) ပတ်ကြိုတင်၍ သိသာထင်ရှားစွာ ကြေညာခြင်း၊

(ဂ) ကျပ်သန်း (၁၀၀) အထက်တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းအတွက် ဆောင်ရွက်မည့်လုပ်ငန်းအမျိုးအစားများကို ရှင်းလင်းစွာဖော်ပြပြီး အိတ်ဖွင့်တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် (၁) လကြိုတင်၍ နိုင်ငံပိုင်သတင်းစာများတွင် အနည်းဆုံး (၂) ကြိမ် သိသာထင်ရှားစွာကြော်ငြာ၍ တင်ဒါခေါ်ယူနိုင်ရေးနှင့် ဝန်ကြီးဌာန Website တွင် အနည်းဆုံး (၁) လ ကြိုတင်ကြော်ငြာနိုင်ရေး ဆောင်ရွက်ခြင်း၊

(ဃ) ဆောင်ရွက်မည့်စီမံကိန်း၊ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ အကြံပေးဝန်ဆောင်မှုရယူခြင်းနှင့် အကြံပေးမဟုတ်သော ဝန်ဆောင်မှုရယူခြင်းတို့အတွက် ရန်ပုံငွေခွင့်ပြုချက် ရှိ မရှိ စိစစ်ခြင်း၊

(င) တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းတို့အတွက် လိုအပ်သည့် တင်ဒါပုံစံများ၊ စာချုပ်ပုံစံများ သတ်မှတ်ခြင်း၊

(စ) ဝယ်ယူမည့်ပစ္စည်းများအတွက် အရည်အသွေး၊ စံချိန်စံညွှန်း သတ်မှတ်ပေးခြင်း၊

(ဆ) တင်ဒါတွင်ပါဝင်မည့် အဆိုပြုကန်ထရိုက်စာချုပ်ပါအချက်များ အကဲဖြတ်မှုစံချိန်စံညွှန်းများနှင့် ငွေရေးကြေးရေးအချက်များ (ကန်ထရိုက်ဆိုင်ရာအချက်အလက်များ၊ ငွေပေးချေမှုအစီအစဉ်၊ ပစ္စည်းပေးသွင်းမှုအစီအစဉ်၊ အခွန်စသည်များ) သတ်မှတ်ခြင်း၊

(ဇ) ငှားရမ်းခြင်း သို့မဟုတ် ရောင်းချခြင်းများအတွက် အနိမ့်ဆုံးကြမ်းခင်းဈေးနှုန်း သတ်မှတ်ခြင်း၊

(ဈ) တင်ဒါလုပ်ငန်းစဉ်များဖြစ်သည့် ရန်ပုံငွေခွင့်ပြုချက် ရှိ မရှိ စိစစ်ခြင်း၊ ဝယ်ယူရေးအစီအစဉ်ရေးဆွဲတင်ပြအတည်ပြုချက်ရယူခြင်း၊ တင်ဒါတင်သွင်းခြင်း၊ တစ်ဦးချင်းအကြံပေးများရွေးချယ်ခြင်း၊ နိုင်ငံပိုင်ပစ္စည်းများ ငှားရမ်းခြင်းနှင့်ရောင်းချခြင်း၊ တင်ဒါအားငြင်းပယ်ခြင်း၊ တိုင်ကြားမှုကို ဖြေရှင်းခြင်းတို့ကို ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ည) ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီနှင့် အရည်အသွေးစိစစ်ရေးနှင့် လက်ခံရေးကော်မတီတို့ကို ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း။

**(ပြည်ထောင်စုဝန်ကြီးရုံး)**
**အမိန့်ကြော်ငြာစာအမှတ် (၂၅၄/၂၀၁၉)**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုရန်ပုံငွေ၊ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ရုံးသုံးပရိဘောဂ၊ စက်နှင့်စက်ကိရိယာပစ္စည်းများ ဝယ်ယူရာတွင် အရည်အသွေးပြည့်မီသော ပစ္စည်းများရရှိရေး နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် (၁/၂၀၁၇) နှင့်အညီ ဆောင်ရွက်ရန်အတွက် **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၊**

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ အရည်အသွေး စစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ** တို့အား အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

၁။ **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ**

| | | |
|---|---|---|
| (က) ဒေါ်ခင်မျိုးသက် | လက်ထောက်အတွင်းဝန် (ဘဏ္ဍာရေး) | ဥက္ကဋ္ဌ |
| (ခ) ဒေါ်ဇင်မာထွန်း | လက်ထောက်အတွင်းဝန် (ပြည်တွင်း/ပြည်ပ) | အဖွဲ့ဝင် |
| (ဂ) ဒေါက်တာခင်မောင်ဆင့် | လက်ထောက်အတွင်းဝန် (စီမံကိန်း) | အဖွဲ့ဝင် |
| (ဃ) ဦးလှိုင်မင်းမောင် | လက်ထောက်အတွင်းဝန် (မူဝါဒ) | အဖွဲ့ဝင် |
| (င) ဒေါ်သစ်သစ်မာ | လက်ထောက်အတွင်းဝန် (အုပ်ချုပ်ရေး) | အတွင်းရေးမှူး |

၂။ ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဝယ်ယူမည့် ပစ္စည်း၊ ဆောင်ရွက်မည့်လုပ်ငန်းနှင့်စပ်လျဉ်း၍ ခွင့်ပြုရန်ပုံငွေ ရှိ မရှိ စိစစ်ခြင်း၊

(ခ) လိုအပ်သော ပစ္စည်း၏ အရည်အသွေး၊ အမျိုးအစား၊ အသုံးပြုမည့် ရည်ရွယ်ချက် စသည်တို့နှင့် လိုက်လျောညီထွေသည့် နမူနာပုံစံ၊ ဒီဇိုင်း၊ နမူနာပစ္စည်း စသည်တို့ကို ပြင်ဆင်ခြင်း၊ ရွေးချယ်ခြင်း၊ ရေးဆွဲခြင်း၊

(ဂ) လိုအပ်သော ပစ္စည်း သို့မဟုတ် လုပ်ငန်းနှင့်စပ်လျဉ်း၍ ရရှိထားသော နမူနာပစ္စည်း အမျိုးအစားအလိုက် ဒေသဈေးနှုန်းများ စုစည်းခြင်း၊ ပစ္စည်း သို့မဟုတ် လုပ်ငန်း အရည်အသွေးနှင့် ကိုက်ညီမည့် ကြမ်းခင်းဈေး သတ်မှတ်ခြင်း၊

(ဃ) ပစ္စည်းနမူနာနှင့် သတ်မှတ်အရည်အသွေး၊ အမျိုးအစား၊ ကြမ်းခင်းဈေးနှုန်းတို့ကို တင်ဒါကော်မတီသို့ တင်ပြအတည်ပြုချက် ရယူပြီး အခြားဆက်စပ်ကော်မတီများသို့ ကြိုတင်ပေးပို့ခြင်း၊

(င) တင်ဒါဖွင့်ဖောက်သည့်နေ့တွင် တင်ဒါတင်သွင်းသော ပစ္စည်း သို့မဟုတ် လုပ်ငန်းနှင့်စပ်လျဉ်းပြီး ကြမ်းခင်းဈေးပေါ် မူတည်ကာ ဈေးနှုန်း စိစစ်အကဲဖြတ်၍ တင်ဒါကော်မတီသို့ တင်ပြခြင်း၊

(စ) တင်ဒါကော်မတီက ပေးအပ်သည့် လုပ်ငန်းများကို ဆောင်ရွက်ခြင်း။

၃။ **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

| | | |
|---|---|---|
| (က) ဦးကျော်ဇော | ဒုတိယအမြဲတမ်းအတွင်းဝန် | ဥက္ကဋ္ဌ |
| (ခ) ဒေါ်ဇင်မာထွန်း | လက်ထောက်အတွင်းဝန် (ပြည်တွင်း/ပြည်ပ) | အဖွဲ့ဝင် |
| (ဂ) ဒေါက်တာခင်မောင်ဆင့် | လက်ထောက်အတွင်းဝန် (စီမံကိန်း) | အဖွဲ့ဝင် |
| (ဃ) ဦးလှိုင်မင်းမောင် | လက်ထောက်အတွင်းဝန် (မူဝါဒ) | အဖွဲ့ဝင် |
| (င) ဒေါ်ခင်မျိုးသက် | လက်ထောက်အတွင်းဝန် (ဘဏ္ဍာရေး) | အဖွဲ့ဝင် |
| (စ) ဒေါ်သစ်သစ်မာ | လက်ထောက်အတွင်းဝန် (အုပ်ချုပ်ရေး) | အတွင်းရေးမှူး |

၄။ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) တင်ဒါအဆိုပြုလွှာများ လက်ခံခြင်းနှင့် ဖွင့်ဖောက်ခြင်း၊

(ခ) တင်ဒါများ စိစစ်အကဲဖြတ်ခြင်း၊

(ဂ) တင်ဒါကော်မတီသို့တင်ပြရန် အကဲဖြတ်မှုအစီရင်ခံစာကို အကြံပြုချက်များနှင့်အတူ ပြင်ဆင်ခြင်း၊

(ဃ) တင်ဒါတင်သွင်းလာသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် ယုံကြည်စိတ်ချရမှု ရှိ မရှိ နှင့် သက်ဆိုင်ရာဌာနများတွင် မှတ်ပုံတင်ထားခြင်း ရှိ မရှိ တို့ကို ထည့်သွင်းစဉ်းစား စိစစ်ခြင်း၊

(င) အဆိုပြုတင်သွင်းလာသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် နာမည်ပျက်စာရင်း (Black List) ရှိ မရှိ စိစစ်ခြင်း၊

(စ) ပစ္စည်းအမျိုးအစားအလိုက် လက်ခံရရှိထားသည့် တင်ဒါအဆိုပြုလွှာပါ ဈေးနှုန်းအနည်းအများအလိုက် မှတ်တမ်းပြုစုထားခြင်း၊

(ဆ) တင်သွင်းရန် အဆိုပြုသည့် ပစ္စည်းအမျိုးအစားများနှင့်ပတ်သက်၍ ခိုင်မာသည့် အာမခံချက် ရှိ မရှိ စိစစ်ခြင်း၊

(ဇ) တင်ဒါကော်မတီက ပေးအပ်သည့် တာဝန်များကို ဆောင်ရွက်ခြင်း။

၅။ **အရည်အသွေးစိစစ်ရေးနှင့် လက်ခံရေးကော်မတီ**

| | | |
|---|---|---|
| (က) ဒေါ်သစ်သစ်မာ | လက်ထောက်အတွင်းဝန် (အုပ်ချုပ်ရေး) | ဥက္ကဋ္ဌ |
| (ခ) ဒေါ်ဇင်မာထွန်း | လက်ထောက်အတွင်းဝန် (ပြည်တွင်း/ပြည်ပ) | အဖွဲ့ဝင် |
| (ဂ) ဒေါက်တာခင်မောင်ဆင့် | လက်ထောက်အတွင်းဝန် (စီမံကိန်း) | အဖွဲ့ဝင် |
| (ဃ) ဦးလှိုင်မင်းမောင် | လက်ထောက်အတွင်းဝန် (မူဝါဒ) | အဖွဲ့ဝင် |
| (င) ဒေါ်ခင်မျိုးသက် | လက်ထောက်အတွင်းဝန် (ဘဏ္ဍာရေး) | အတွင်းရေးမှူး |

၆။ အရည်အသွေးစိစစ်ရေးနှင့် လက်ခံရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) တင်သွင်းသည့် ပစ္စည်း သို့မဟုတ် လုပ်ငန်းအလိုက် အရည်အသွေးများကို စိစစ်ခြင်းနှင့် လိုအပ်ပါက ပစ္စည်းများကို စမ်းသပ်ခြင်း၊

(ခ) ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအား စာချုပ်တွင် သတ်မှတ်ဖော်ပြထားသည့် အချက်များ၊ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်ခြင်းနှင့် အကဲဖြတ်ခြင်း၊

(ဂ) ဝယ်ယူမည့် ဌာန၊ အဖွဲ့အစည်းကိုယ်စား ပေးပို့လာသည့်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုကို လက်ခံခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဃ) ပစ္စည်းလက်ခံစာရွက်စာတမ်းများ ထုတ်ပေးခြင်း၊

(င) ပစ္စည်းအမျိုးအစားတစ်ခုချင်းအလိုက် အရည်အသွေးစိစစ်ရာတွင် ထုတ်လုပ်သည့် နိုင်ငံ၊ ထုတ်လုပ်သည့် ခုနှစ်၊ ထုတ်လုပ်သည့် ကုမ္ပဏီများအပေါ် အခြေခံ၍ စိစစ်ခြင်း၊

(စ) ပစ္စည်းအမျိုးအစားအလိုက် အာမခံချက်ပေးသည့် ကာလအနည်းအများအပေါ် အခြေခံ၍ စိစစ်ခြင်း၊

(ဆ) တင်ဒါကော်မတီက ပေးအပ်သည့် တာဝန်များကို ဆောင်ရွက်ခြင်း။

အုန်းဝင်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပညာရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၅၅/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၁၅ ရက်

(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်)

၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂၅/၂၀၁၉) အစီအစဉ် (၂၀) ၏ သဘောတူဆုံးဖြတ်ချက်အရ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ အမျိုးသားစံချိန်စံညွှန်းနှင့် အရည်အသွေးဌာနမှ ညွှန်ကြားရေးမှူး (တာဝန်) ဒေါက်တာအေးအေးညွန့်၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) အား အမျိုးသားစံချိန်စံညွှန်းနှင့် အရည်အသွေးဌာန၏ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးသို့ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

ဒေါက်တာမျိုးသိမ်းကြီး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်

(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်)

အမှတ် ၁၀ ။ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်နေ့တွင် ကျင်းပသော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁၀/၂၀၁၉) ဆုံးဖြတ်ချက်အရ အောက်ဖော်ပြပါ အထူးကုဆရာဝန်ကြီး (ကင်ဆာရောဂါဓာတ်ရောင်ခြည်)၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) အား အမည်နှင့် ယှဉ်တွဲပါ ပါမောက္ခ (ကင်ဆာရောဂါဓာတ်ရောင်ခြည်)၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) သို့ အလုပ်စတင်ဝင်ရောက်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | ဆမ | အမည်၊ ရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|---|
| ၁။ | ၁၂၉၅၆ | ဒေါက်တာခိုင်စန္ဒာ<br>M.Med.Sc (Radiation Onco;)<br>အထူးကုဆရာဝန်ကြီး<br>(ကင်ဆာရောဂါဓာတ်ရောင်ခြည်)<br>နေပြည်တော်ပြည်သူ့ဆေးရုံကြီး<br>(ခုတင်-၁၀၀၀) | ပါမောက္ခ<br>(ကင်ဆာရောဂါဓာတ်ရောင်ခြည်)<br>နေပြည်တော်ပြည်သူ့ဆေးရုံကြီး<br>(ခုတင်-၁၀၀၀) |

မှတ်ချက်။ ရာထူးတိုးမြှင့်ခြင်းခံရသည့် ပါမောက္ခ (ကင်ဆာရောဂါဓာတ်ရောင်ခြည်) သည် အမိန့်ကြော်ငြာစာ ထွက်ပြီး (၂၁) ရက်အတွင်း အလုပ်တာဝန်များ လွှဲပြောင်း/လက်ခံပြီး ပြောင်းရွှေ့စေရန်နှင့် ကုသရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံ သွားရောက်တွေ့ဆုံရန်ဖြစ်သည်။

**(ဝန်ကြီးရုံး)**

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၅ ရက်

(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်)

အမှတ် ၁၁ ။ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁၁/၂၀၁၉) ၏ သဘောတူ

ဆုံးဖြတ်ချက်အရ ခန္ဓာဗေဒဌာနမှ အောက်ဖော်ပြပါ တွဲဖက်ပါမောက္ခ၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) များအား အလုပ်တာဝန်များစတင်ထမ်းဆောင်သည့်နေ့မှစ၍ အမည်နှင့် ယှဉ်တွဲဖော်ပြပါအတိုင်း ပါမောက္ခ/ဌာနမှူး၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) များအဖြစ် ရာထူးတိုးမြှင့်ပြောင်းရွှေ့ခန့်ထား လိုက်သည်-

| စဉ် | ဆမ | အမည်၊ ပညာ၊ ရာထူး၊ ဌာန၊ တက္ကသိုလ် | တိုးမြှင့်ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန၊ တက္ကသိုလ် |
|---|---|---|---|
| ၁။ | ၁၆၁၀၆ | ဒေါက်တာသီတာသန်း<br>M.Med.Sc (Anatomy)<br>Ph.D (Anatomy)<br>တွဲဖက်ပါမောက္ခ<br>ခန္ဓာဗေဒဌာန<br>ဆေးတက္ကသိုလ် (၁) ရန်ကုန် | ပါမောက္ခ/ဌာနမှူး<br>ခန္ဓာဗေဒဌာန<br>ဆေးတက္ကသိုလ် (မကွေး) |
| ၂။ | ၁၆၅၄၃ | ဒေါက်တာဇော်ဇော်လတ်<br>M.Med.Sc (Anatomy)<br>Ph.D (Anatomy)<br>တွဲဖက်ပါမောက္ခ<br>ခန္ဓာဗေဒဌာန<br>ဆေးတက္ကသိုလ် (၂) ရန်ကုန် | ပါမောက္ခ/ဌာနမှူး<br>ခန္ဓာဗေဒဌာန<br>ဆေးတက္ကသိုလ် (တောင်ကြီး) |

မှတ်ချက်။ ရာထူးတိုးမြှင့်ပြောင်းရွှေ့ခန့်ထားခြင်းခံရသည့် ပါမောက္ခ/ဌာနမှူးများသည် ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာဌာနအကြီးအကဲထံ တွေ့ဆုံသတင်းပို့ရန်နှင့် တိုးမြှင့် ပြောင်းရွှေ့ခန့်ထားသည့် အမိန့်ကြော်ငြာစာထွက်ပြီး သတ်မှတ်ရက်အတွင်း **(သတ်မှတ်ရက်အတွင်း)** အလုပ်တာဝန်များ လွှဲပြောင်းလက်ခံပြီး ပြောင်းရွှေ့စေရန်ဖြစ်သည်။

## (ဝန်ကြီးရုံး)

အမှတ် ၁၂ ။ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁၁/၂၀၁၉) ၏ သဘောတူ ဆုံးဖြတ်ချက်အရ ခန္ဓာဗေဒဌာနမှ အောက်ဖော်ပြပါ တွဲဖက်ပါမောက္ခ၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) များအား အလုပ်တာဝန်များစတင်ထမ်းဆောင်သည့်နေ့မှစ၍ အမည်နှင့် ယှဉ်တွဲဖော်ပြပါအတိုင်း ပါမောက္ခ၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) များအဖြစ် ရာထူးတိုးမြှင့်ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| စဉ် | ဆမ | အမည်၊ ပညာ၊ ရာထူး၊ ဌာန၊ တက္ကသိုလ် | တိုးမြှင့်ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန၊ တက္ကသိုလ် |
|---|---|---|---|
| ၁။ | ၁၅၃၆၉ | ဒေါက်တာအိအိလွင်<br>M.Med.Sc (Anatomy)<br>Ph.D (Anatomy)<br>တွဲဖက်ပါမောက္ခ<br>ခန္ဓာဗေဒဌာန<br>ဆေးတက္ကသိုလ် (၂) ရန်ကုန် | ပါမောက္ခ<br>ခန္ဓာဗေဒဌာန<br>ဆေးတက္ကသိုလ် (၁) ရန်ကုန် |
| ၂။ | ၁၇၀၆၄ | ဒေါက်တာစုစန္ဒာအေး<br>M.Med.Sc (Anatomy)<br>Ph.D (Anatomy)<br>Dip.Med.Ed<br>တွဲဖက်ပါမောက္ခ<br>ခန္ဓာဗေဒဌာန<br>ဆေးတက္ကသိုလ် (၂) ရန်ကုန် | ပါမောက္ခ<br>ခန္ဓာဗေဒဌာန<br>ဆေးတက္ကသိုလ် (၂) ရန်ကုန် |

| စဉ် | ဆမ | အမည်၊ ပညာ၊ ရာထူး၊ ဌာန၊ တက္ကသိုလ် | တိုးမြှင့်ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန၊ တက္ကသိုလ် |
|---|---|---|---|
| ၃။ | ၁၅၁၁၇ | ဒေါက်တာဆောင်းဇကေရီ<br>M.Med.Sc (Anatomy)<br>Ph.D (Anatomy)<br>တွဲဖက်ပါမောက္ခ<br>ခန္ဓာဗေဒဌာန<br>ဆေးတက္ကသိုလ် (၁) ရန်ကုန် | ပါမောက္ခ<br>ခန္ဓာဗေဒဌာန<br>ဆေးတက္ကသိုလ် (မန္တလေး) |

မှတ်ချက်။ ရာထူးတိုးမြှင့်ပြောင်းရွှေ့ခန့်ထားခြင်းခံရသည့် ပါမောက္ခများသည် ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာဌာနအကြီးအကဲထံ တွေ့ဆုံသတင်းပို့ရန်နှင့် တိုးမြှင့် ပြောင်းရွှေ့ခန့်ထားသည့် အမိန့်ကြော်ငြာစာထွက်ပြီး သတ်မှတ်ရက်အတွင်း **(သတ်မှတ်ရက်အတွင်း)** အလုပ်တာဝန်များ လွှဲပြောင်းလက်ခံပြီး ပြောင်းရွှေ့စေရန်ဖြစ်သည်။

## (ဝန်ကြီးရုံး)

အမှတ် ၁၃ ။ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁၁/၂၀၁၉) ၏ သဘောတူ ဆုံးဖြတ်ချက်အရ ဇီဝကမ္မဗေဒဌာနမှ အောက်ဖော်ပြပါ တွဲဖက်ပါမောက္ခ၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀- ၃၆၁,၀၀၀) များအား အလုပ်တာဝန်များစတင်ထမ်းဆောင်သည့်နေ့မှစ၍ အမည်နှင့် ယှဉ်တွဲဖော်ပြပါအတိုင်း ပါမောက္ခ၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) များအဖြစ် ရာထူးတိုးမြှင့်ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| စဉ် | ဆမ | အမည်၊ ပညာ၊ ရာထူး၊ ဌာန၊ တက္ကသိုလ် | တိုးမြှင့်ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန၊ တက္ကသိုလ် |
|---|---|---|---|
| ၁။ | ၁၆၁၂၇ | ဒေါက်တာသဲနုထွေး<br>M.Med.Sc (Physiology)<br>Ph.D (Physiology)<br>Dip.Med.Ed<br>တွဲဖက်ပါမောက္ခ<br>ဇီဝကမ္မဗေဒဌာန<br>ဆေးတက္ကသိုလ် (၁) ရန်ကုန် | ပါမောက္ခ<br>ဇီဝကမ္မဗေဒဌာန<br>ဆေးတက္ကသိုလ် (၂) ရန်ကုန် |
| ၂။ | ၁၆၅၈၇ | ဒေါက်တာဇာလီသန့်<br>M.Med.Sc (Physiology)<br>Ph.D (Physiology)<br>Dip.Med.Ed<br>တွဲဖက်ပါမောက္ခ<br>ဇီဝကမ္မဗေဒဌာန<br>ဆေးတက္ကသိုလ် (၁) ရန်ကုန် | ပါမောက္ခ<br>ဇီဝကမ္မဗေဒဌာန<br>ဆေးတက္ကသိုလ် (မန္တလေး) |
| ၃။ | ၁၆၇၉၅ | ဒေါက်တာစိုးမင်းထွေး<br>M.Med.Sc (Physiology)<br>Ph.D (Physiology)<br>Dip.Med.Ed<br>တွဲဖက်ပါမောက္ခ<br>ဇီဝကမ္မဗေဒဌာန<br>ဆေးတက္ကသိုလ် (မကွေး) | ပါမောက္ခ<br>ဇီဝကမ္မဗေဒဌာန<br>ဆေးတက္ကသိုလ် (မကွေး) |

မှတ်ချက်။ ရာထူးတိုးမြှင့်ပြောင်းရွှေ့ခန့်ထားခြင်းခံရသည့် ပါမောက္ခများသည် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာဌာနအကြီးအကဲထံ တွေ့ဆုံသတင်းပို့ရန်နှင့် တိုးမြှင့်ပြောင်းရွှေ့ခန့်ထားသည့် အမိန့်ကြော်ငြာစာထွက်ပြီး သတ်မှတ်ရက်အတွင်း **(သတ်မှတ်ရက်အတွင်း)** အလုပ်တာဝန်များလွှဲပြောင်းလက်ခံပြီး ပြောင်းရွှေ့စေရန်ဖြစ်သည်။

## (ဝန်ကြီးရုံး)

အမှတ် ၁၄ ။ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁၁/၂၀၁၉) ၏ သဘောတူဆုံးဖြတ်ချက်အရ ဇီဝဓာတုဗေဒဌာနမှ အောက်ဖော်ပြပါ တွဲဖက်ပါမောက္ခ၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) များအား အလုပ်တာဝန်များစတင်ထမ်းဆောင်သည့်နေ့မှစ၍ အမည်နှင့် ယှဉ်တွဲဖော်ပြပါအတိုင်း ပါမောက္ခ၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) များအဖြစ် ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | ဆမ | အမည်၊ ပညာ၊ ရာထူး၊ ဌာန၊ တက္ကသိုလ် | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန၊ တက္ကသိုလ် |
|---|---|---|---|
| ၁။ | ၁၅၇၇၇ | ဒေါက်တာသူဇာကျင်အောင်<br>M.Med.Sc (Biochemistry)<br>Ph.D (Biochemistry)<br>တွဲဖက်ပါမောက္ခ<br>ဇီဝဓာတုဗေဒဌာန<br>ဆေးတက္ကသိုလ် (၁) ရန်ကုန် | ပါမောက္ခ<br>ဇီဝဓာတုဗေဒဌာန<br>ဆေးတက္ကသိုလ် (၁) ရန်ကုန် |
| ၂။ | ၁၆၅၁၇ | ဒေါက်တာစကားဝါဖူး<br>M.Med.Sc (Biochemistry)<br>Ph.D (Biochemistry)<br>တွဲဖက်ပါမောက္ခ<br>ဇီဝဓာတုဗေဒဌာန<br>ဆေးတက္ကသိုလ် (၂) ရန်ကုန် | ပါမောက္ခ<br>ဇီဝဓာတုဗေဒဌာန<br>ဆေးတက္ကသိုလ် (၂) ရန်ကုန် |

မှတ်ချက်။ ရာထူးတိုးမြှင့်ခန့်ထားခြင်းခံရသည့် ပါမောက္ခများသည် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာဌာနအကြီးအကဲထံ တွေ့ဆုံသတင်းပို့ရန်နှင့် တိုးမြှင့်ခန့်ထားသည့် အမိန့်ကြော်ငြာစာထွက်ပြီး သတ်မှတ်ရက်အတွင်း **(သတ်မှတ်ရက်အတွင်း)** အလုပ်တာဝန်များ လွှဲပြောင်းလက်ခံပြီး ပြောင်းရွှေ့စေရန်ဖြစ်သည်။

## (ဝန်ကြီးရုံး)

အမှတ် ၁၅ ။ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁၁/၂၀၁၉) ၏ သဘောတူဆုံးဖြတ်ချက်အရ ဆေးဝါးဗေဒဌာနမှ အောက်ဖော်ပြပါ ပါမောက္ခ/ဌာနမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) များအား အလုပ်တာဝန်များစတင်ထမ်းဆောင်သည့်နေ့မှစ၍ အမည်နှင့် ယှဉ်တွဲဖော်ပြပါအတိုင်း ပါမောက္ခ၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) များအဖြစ် ရာထူးတိုးမြှင့်ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| စဉ် | ဆမ | အမည်၊ ပညာ၊ ရာထူး၊ ဌာန၊ တက္ကသိုလ် | တိုးမြှင့်ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန၊ တက္ကသိုလ် |
|---|---|---|---|
| ၁။ | ၁၅၁၆၇ | ပါမောက္ခဒေါက်တာအေးစိုး<br>M.Med.Sc (Pharmacology)<br>Ph.D (Pharmacology)<br>Dip.Med.Ed<br>ပါမောက္ခ/ဌာနမှူး<br>ဆေးဝါးဗေဒဌာန<br>ဆေးဝါးတက္ကသိုလ် (ရန်ကုန်) | ပါမောက္ခ<br>ဆေးဝါးဗေဒဌာန<br>ဆေးတက္ကသိုလ် (၂) ရန်ကုန် |

| **စဉ်** | **ဆမ** | **အမည်၊ ပညာ၊ ရာထူး၊ ဌာန၊ တက္ကသိုလ်** | **တိုးမြှင့်ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန၊ တက္ကသိုလ်** |
|---|---|---|---|
| ၂။ | ၁၄၅၇၉ | ပါမောက္ခဒေါက်တာမြတ်မင်း(ခ)သန်းထွန်းမင်း<br>M.Med.Sc (Pharmacology)<br>Ph.D (Pharmacology)<br>Dip.Med.Ed<br>ပါမောက္ခ/ဌာနမှူး<br>ဆေးဝါးဗေဒဌာန<br>ဆေးဝါးတက္ကသိုလ် (မန္တလေး) | ပါမောက္ခ<br>ဆေးဝါးဗေဒဌာန<br>ဆေးတက္ကသိုလ် (မန္တလေး) |

မှတ်ချက်။ ရာထူးတိုးမြှင့်ပြောင်းရွှေ့ခန့်ထားခြင်းခံရသည့် ပါမောက္ခများသည် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာဌာနအကြီးအကဲထံ တွေ့ဆုံသတင်းပို့ရန်နှင့် တိုးမြှင့်ပြောင်းရွှေ့ခန့်ထားသည့် အမိန့်ကြော်ငြာစာထွက်ပြီး သတ်မှတ်ရက်အတွင်း **(သတ်မှတ်ရက်အတွင်း)** အလုပ်တာဝန်များ လွှဲပြောင်းလက်ခံပြီး ပြောင်းရွှေ့စေရန်ဖြစ်သည်။

## (ဝန်ကြီးရုံး)

အမှတ် ၁၆ ။ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁၁/၂၀၁၉) ၏ သဘောတူဆုံးဖြတ်ချက်အရ ဆေးဝါးဗေဒဌာနမှ အောက်ဖော်ပြပါ တွဲဖက်ပါမောက္ခ၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) များအား အလုပ်တာဝန်များ စတင်ထမ်းဆောင်သည့်နေ့မှစ၍ အမည်နှင့် ယှဉ်တွဲဖော်ပြပါအတိုင်း ပါမောက္ခ/ဌာနမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) များအဖြစ် ရာထူးတိုးမြှင့်ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| **စဉ်** | **ဆမ** | **အမည်၊ ပညာ၊ ရာထူး၊ ဌာန၊ တက္ကသိုလ်** | **တိုးမြှင့်ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန၊ တက္ကသိုလ်** |
|---|---|---|---|
| ၁။ | ၁၇၀၁၂ | ဒေါက်တာကေခိုင်သူ<br>M.Med.Sc (Pharmacology)<br>Ph.D (Pharmacology)<br>Dip.Med.Ed<br>တွဲဖက်ပါမောက္ခ<br>ဆေးဝါးဗေဒဌာန<br>ဆေးတက္ကသိုလ် (၁) ရန်ကုန် | ပါမောက္ခ/ဌာနမှူး<br>ဆေးဝါးဗေဒဌာန<br>ဆေးဝါးတက္ကသိုလ် (ရန်ကုန်) |
| ၂။ | ၁၆၉၅၅ | ဒေါက်တာသိန်းစိုး<br>M.Med.Sc (Pharmacology)<br>Ph.D (Pharmacology)<br>Dip.Med.Ed<br>တွဲဖက်ပါမောက္ခ<br>ဆေးဝါးဗေဒဌာန<br>ဆေးတက္ကသိုလ် (မန္တလေး) | ပါမောက္ခ/ဌာနမှူး<br>ဆေးဝါးဗေဒဌာန<br>ဆေးဝါးတက္ကသိုလ် (မန္တလေး) |

မှတ်ချက်။ ရာထူးတိုးမြှင့်ပြောင်းရွှေ့ခန့်ထားခြင်းခံရသည့် ပါမောက္ခ/ဌာနမှူးများသည် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာဌာနအကြီးအကဲထံ တွေ့ဆုံသတင်းပို့ရန်နှင့် တိုးမြှင့်ပြောင်းရွှေ့ခန့်ထားသည့် အမိန့်ကြော်ငြာစာထွက်ပြီး သတ်မှတ်ရက်အတွင်း **(သတ်မှတ်ရက်အတွင်း)** အလုပ်တာဝန်များ လွှဲပြောင်းလက်ခံပြီး ပြောင်းရွှေ့စေရန်ဖြစ်သည်။

## (ဝန်ကြီးရုံး)

၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက်

(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်)

အမှတ် ၁၇ ။　ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်စွဲပါ စာအမှတ်၊ ၄မက (ခ) ၂၀၁၉/၁၉၄၀၅ ဖြင့် ခွင့်ပြုချက်အရ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ် (မန္တလေး)၊ ဓာတုဗေဒဌာနမှ ကထိက/ဌာနမှူး ဒေါ်စန္ဒာ အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၀ ပြည့်နှစ်၊ မေလ ၁၇ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

ဒေါက်တာမြင့်ထွေး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၁၇၈/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်

(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်)

တိုင်းရင်းဆေးဝါးဥပဒေ၏ ရည်ရွယ်ချက်များနှင့်အညီ အများပြည်သူတို့ ဘေးအန္တရာယ်ကင်းရှင်းစွာနှင့် အရည်အသွေးအာနိသင်ရှိသည့် တိုင်းရင်းဆေးဝါးအစစ်အမှန်များကို သင့်မြတ်သောဈေးနှုန်းဖြင့် အချိန်မရွေး အလွယ်တကူဝယ်ယူသုံးစွဲနိုင်ရေးအတွက် မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့သည် တိုင်းရင်းဆေးဝါးဥပဒေပုဒ်မ ၄၃၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အောက်ပါ အမိန့်ကို ထုတ်ပြန်လိုက်သည်-

### တိုင်းရင်းဆေးဝါးကြီးကြပ်ရေးဆိုင်ရာအမိန့်

### အခန်း (၁)

### တိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီအဆင့်ဆင့် ဖွဲ့စည်းခြင်း

၁။　တိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီအဆင့်ဆင့်ကို အောက်ပါအတိုင်းဖွဲ့စည်းလိုက်သည်-

**(က) ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီ**

(၁) ညွှန်ကြားရေးမှူးချုပ်　　ဥက္ကဋ္ဌ
တိုင်းရင်းဆေးပညာဦးစီးဌာန
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

(၂) ရဲချုပ်　　အဖွဲ့ဝင်
မြန်မာနိုင်ငံရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

| | | |
|---|---|---|
| (၃) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ညွှန်ကြားရေးမှူးချုပ်<br>မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | ညွှန်ကြားရေးမှူးချုပ်<br>စားသုံးသူရေးရာဦးစီးဌာန<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | ညွှန်ကြားရေးမှူးချုပ်<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၉) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (၁၀) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန<br>ကုသရေးဦးစီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၁) | ဌာနမှူး<br>ကျန်းမာရေးဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၁၂) | ပါမောက္ခသမားတော်ကြီး<br>ဆေးပညာဌာန<br>နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)<br>ကုသရေးဦးစီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၃) | ပါမောက္ခ/ဌာနမှူး (ဆေးဝါးဗေဒဌာန)<br>ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနမှ<br>တာဝန်ပေးအပ်သူတစ်ဦး<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၄) | ပါမောက္ခ/ဌာနမှူး (ဆေးဝါးဗေဒဌာန)<br>တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး)<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၅) | ပါမောက္ခ/ဌာနမှူး (ဆေးပညာဌာန)<br>တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး)<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၆) | မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီမှ<br>ကိုယ်စားလှယ် (၂) ဦး | အဖွဲ့ဝင် |

(၁၇) မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်းမှ ကိုယ်စားလှယ် (၂) ဦး — အဖွဲ့ဝင်

(၁၈) တိုင်းရင်းဆေးပညာရပ်ဆိုင်ရာအကြံပေးအဖွဲ့မှ ကိုယ်စားလှယ် (၂) ဦး — အဖွဲ့ဝင်

(၁၉) ဒုတိယညွှန်ကြားရေးမှူးချုပ် တိုင်းရင်းဆေးပညာဦးစီးဌာန ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန — အတွင်းရေးမှူး

(၂၀) ညွှန်ကြားရေးမှူး (ဆေးဝါး/ဥယျာဉ်) တိုင်းရင်းဆေးပညာဦးစီးဌာန ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန — တွဲဖက်အတွင်းရေးမှူး

**(ခ) ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီ-**

(၁) ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တိုင်းရင်းဆေးပညာဦးစီးဌာနမှူး — ဥက္ကဋ္ဌ

(၂) ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှ ကိုယ်စားလှယ် တစ်ဦး — အဖွဲ့ဝင်

(၃) ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကိုယ်စားလှယ် တစ်ဦး — အဖွဲ့ဝင်

(၄) ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကိုယ်စားလှယ် တစ်ဦး — အဖွဲ့ဝင်

(၅) ဥက္ကဋ္ဌမှ တာဝန်ပေးအပ်သည့် ဒုတိယတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနမှူး သို့မဟုတ် ခရိုင်တိုင်းရင်းဆေးမှူး တစ်ဦး — အတွင်းရေးမှူး

**(ဂ) ခရိုင်တိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီ-**

(၁) ခရိုင်တိုင်းရင်းဆေးပညာဦးစီးဌာနမှူး သို့မဟုတ် ခရိုင်တိုင်းရင်းဆေးမှူး — ဥက္ကဋ္ဌ

(၂) ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကိုယ်စားလှယ် တစ်ဦး — အဖွဲ့ဝင်

(၃) ခရိုင်ရဲတပ်ဖွဲ့မှ ကိုယ်စားလှယ် တစ်ဦး — အဖွဲ့ဝင်

(၄) ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကိုယ်စားလှယ် တစ်ဦး — အဖွဲ့ဝင်

(၅) ဥက္ကဋ္ဌမှ တာဝန်ပေးအပ်သည့် ဒုတိယတိုင်းရင်းဆေးမှူးတစ်ဦး — အတွင်းရေးမှူး

**(ဃ) မြို့နယ်တိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီ-**

(၁) ဒုတိယတိုင်းရင်းဆေးမှူး မြို့နယ်တိုင်းရင်းဆေးကုဌာန — ဥက္ကဋ္ဌ

(၂) မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကိုယ်စားလှယ် တစ်ဦး — အဖွဲ့ဝင်

(၃) မြို့နယ်စည်ပင်သာယာရေးအဖွဲ့ သို့မဟုတ် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးအဖွဲ့မှ ကိုယ်စားလှယ် တစ်ဦး — အဖွဲ့ဝင်

(၄) မြို့နယ်ရဲတပ်ဖွဲ့မှ ကိုယ်စားလှယ် တစ်ဦး — အဖွဲ့ဝင်

(၅) ဥက္ကဋ္ဌမှ တာဝန်ပေးအပ်သည့် လက်ထောက်တိုင်းရင်းဆေးမှူး တစ်ဦး — အတွင်းရေးမှူး

## အခန်း (၂)
## တိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီအဆင့်ဆင့်၏ လုပ်ငန်းတာဝန်များ

၂။ ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့၏ လမ်းညွှန်ချက်များနှင့်အညီ တိုင်းရင်းဆေးဝါးကိစ္စများကို ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ခ) ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်တိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီများ၏ တိုင်းရင်းဆေးဝါးဆိုင်ရာဆောင်ရွက်ချက်များ ကြီးကြပ်ခြင်း။

၃။ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တိုင်းရင်းဆေးဝါးထုတ်လုပ်ခြင်းလုပ်ငန်း၊ သိုလှောင်ခြင်းလုပ်ငန်း၊ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများကို ကြီးကြပ်ခြင်း၊

(ခ) ခရိုင်တိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီက တင်ပြလာသော တိုင်းရင်းဆေးဝါးမှတ်ပုံတင်ခြင်း သို့မဟုတ် တိုင်းရင်းဆေးဝါး ထုတ်လုပ်ခွင့်လိုင်စင်လျှောက်ထားခြင်းနှင့်စပ်လျဉ်းသည့် လျှောက်လွှာကို စိစစ်၍ ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီသို့ ဆက်လက်တင်ပြခြင်း၊

(ဂ) ခရိုင် သို့မဟုတ် မြို့နယ်တိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီများ၏ လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို လိုအပ်ပါက ကိုယ်တိုင်ကျင့်သုံး ဆောင်ရွက်ခြင်း။

၄။ ခရိုင်တိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) သက်ဆိုင်ရာ ခရိုင်တိုင်းရင်းဆေးဝါးထုတ်လုပ်ခြင်းလုပ်ငန်း၊ သိုလှောင်ခြင်းလုပ်ငန်း၊ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) မြို့နယ်တိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီက တင်ပြလာသော တိုင်းရင်းဆေးဝါးမှတ်ပုံတင်ခြင်း သို့မဟုတ် တိုင်းရင်းဆေးဝါး ထုတ်လုပ်ခွင့်လိုင်စင် လျှောက်ထားခြင်းနှင့်စပ်လျဉ်းသည့် လျှောက်လွှာကိုစိစစ်၍ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီသို့ ဆက်လက်တင်ပြခြင်း၊

(ဂ) မြို့နယ်တိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို ကိုယ်တိုင်ကျင့်သုံး ဆောင်ရွက်ခြင်း။

၅။ မြို့နယ်တိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) တိုင်းရင်းဆေးဝါးမှတ်ပုံတင်ခြင်း သို့မဟုတ် တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင် လျှောက်ထားခြင်းနှင့် စပ်လျဉ်းသည့် လျှောက်လွှာများကိုစိစစ်၍ ခရိုင်တိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီသို့ ဆက်လက်တင်ပြခြင်း၊

(ခ) တိုင်းရင်းဆေးဝါးစစ်ဆေးခြင်းဆိုင်ရာကိစ္စအဝဝကို ကြီးကြပ်ခြင်း၊ လိုအပ်ပါက ကိုယ်တိုင်ဆောင်ရွက်ခြင်း၊ စည်းကမ်းဖောက်ဖျက်မှုများကို အရေးယူခြင်း၊

(ဂ) လိုင်စင်ပါ စည်းကမ်းချက်များ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကဖြစ်စေ၊ အာဏာပိုင်အဖွဲ့ကဖြစ်စေ၊ တိုင်းရင်းဆေးပညာဦးစီးဌာနကဖြစ်စေ ထုတ်ပြန်ထားသော တိုင်းရင်းဆေးဝါးဆိုင်ရာ စည်းကမ်းချက်များ လိုက်နာရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကြီးကြပ်ခြင်း၊ ဖောက်ဖျက်မှုများကို အရေးယူခြင်း။

**အခန်း (၃)**

**အယူခံခြင်း**

၆။ တိုင်းရင်းဆေးဝါးမှတ်ပုံတင်ကိစ္စ သို့မဟုတ် တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင်ကိစ္စနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့က တာဝန်လွှဲအပ်ခြင်းခံရသော အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်က ချမှတ်သည့် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် တိုင်းရင်းဆေးဝါးဥပဒေပုဒ်မ ၂၅ ပါ ပြဋ္ဌာန်းချက်နှင့်အညီ မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့သို့ အယူခံနိုင်သည်။

၇။ ကျန်းမာရေးဝန်ကြီးဌာန၏ ၁၉၉၆ ခုနှစ်၊ ဩဂုတ်လ ၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၂/၉၆ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဒေါက်တာမြင့်ထွေး

ဥက္ကဋ္ဌ

မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ဆောက်လုပ်ရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၃၆၈/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်

(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်)

၁။ ၂၀၀၀ ပြည့်နှစ်၊ လမ်းမကြီးများ ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (င) နှင့် ပုဒ်မခွဲ (စ) တို့အရ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းရှိ အောက်ပါလမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနပိုင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံခန့်ခွဲသော တိုင်းဒေသကြီး/ပြည်နယ်များ ဆက်သွယ်သည့် **လမ်းမကြီး** အဖြစ် သတ်မှတ်ကြေညာလိုက်သည်-

| | | |
|---|---|---|
| (က) | လမ်းအမည် | - ပဲခူးမြစ်ကူးတံတား (ဒါးပိန်-သပြု) လှည်းကူးဘက်ခြမ်း ချဉ်းကပ်လမ်း။ |
| (ခ) | လမ်းအရှည် | - ၂ မိုင် ၇ ဖာလုံ ၄၉၂ ပေ သို့မဟုတ် ၄. ၇၇၇ ကီလိုမီတာ။ |
| (ဂ) | စတင်သည့်နေရာ | - ၀/၀ မိုင် သို့မဟုတ် ၀ ကီလိုမီတာ (ဆားတလင်း - ဒါးပိန် - ကျွဲကူးဆိပ်လမ်း မိုင်တိုင်အမှတ် ၃/၀ - ၃/၁ ကြား)။ |
| (ဃ) | လမ်းဆုံးရောက်ရှိသည့်နေရာ | - ၂ မိုင် ၇ ဖာလုံ ၄၉၂ ပေ သို့မဟုတ် ၄. ၇၇၇ ကီလိုမီတာ [ပဲခူးမြစ်ကူးတံတား (ဒါးပိန် - သပြု) လှည်းကူးဘက်ခြမ်း]။ |
| (င) | လမ်းအဆင့်အတန်း | - တိုင်းဒေသကြီး/ပြည်နယ်များ ဆက်သွယ်သည့်လမ်း။ |
| (စ) | လမ်းနယ်နိမိတ် အကျယ် | - ၁၅၀ ပေ။ |

၂။ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သော ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ လမ်းအရှည်စုစုပေါင်းကို ၆၄၉ မိုင် ၆ ဖာလုံ ၅၂၈ ပေ သို့မဟုတ် ၁၀၄၅. ၈၃၄ ကီလိုမီတာဟု ပြင်ဆင်သတ်မှတ်လိုက်သည်။

ဟန်ဇော်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဆောက်လုပ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရှေ့နေချုပ်ရုံး

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၁၀ ရက်
(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်)

အမှတ် ၁၆၅ ။ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းနှင့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများအတွက် အမှုလိုက်ဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါ်ယုယုခင် (ဥ/၂၁၈၁)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ကို တာဝန်ဝတ္တရားများ လက်ခံဆောင်ရွက်သည့် နေ့မှစ၍ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) အဖြစ် တိုးမြှင့်ခန့်ထားလိုက်သည်။

အမှတ် ၁၆၇ ။ အောက်ဖော်ပြပါ ဒုတိယပြည်နယ်ဥပဒေအရာရှိ/ခရိုင်ဥပဒေအရာရှိ (ဥပဒေအရာရှိ အဆင့်-၁)၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) များအား ယင်းတို့၏အမည်နှင့် ယှဉ်တွဲဖော်ပြထားသော ဥပဒေရုံးအသီးသီးတွင် တာဝန်ဝတ္တရားများ စတင်လက်ခံဆောင်ရွက်သည့်နေ့မှစ၍ ညွှန်ကြားရေးမှူး/ပြည်နယ် ဥပဒေအရာရှိ၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အဖြစ် တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည်၊ ကိုယ်ပိုင်အမှတ် | လက်ရှိရာထူး၊ ရုံး | ရာထူးတိုးမြှင့်ပြောင်းရွှေ့နေရာချထားသည့်ရုံး |
|---|---|---|---|
| ၁။ | ဦးဝင်းမောင်<br>ဥ/၂၄၃၂ | ခရိုင်ဥပဒေအရာရှိ<br>လားရှိုးခရိုင်ဥပဒေရုံး | ပြည်နယ်ဥပဒေအရာရှိ<br>ရခိုင်ပြည်နယ်ဥပဒေချုပ်ရုံး |
| ၂။ | ဒေါ်မိုးနှင်းလွင်<br>ဥ/၂၄၇၁ | ဒုတိယပြည်နယ်ဥပဒေအရာရှိ<br>ရှမ်းပြည်နယ်ဥပဒေချုပ်ရုံး | ညွှန်ကြားရေးမှူး<br>ပြစ်မှုဆိုင်ရာအယူခံ၊ ပြင်ဆင်စိစစ်ရေးဌာနခွဲ<br>တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |

ထွန်းထွန်းဦး
ပြည်ထောင်စုရှေ့နေချုပ်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်

### အမိန့်ကြော်ငြာစာအမှတ် (၁၉/၂၀၁၉)

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်
(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်)

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဘဏ်တွင်းစာရင်းစစ်ဌာနမှ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဦးလှဌေး သည် ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်နေ့ နံနက်ပိုင်းမှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုရန် လျှောက်ထားခြင်းကို နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ (၂၂) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ (၈၁) တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။　ငြင်းပယ်ခဲ့သော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၃ ရက်နေ့မှစ၍ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့အထိ ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုပြီးနောက် ယင်းခွင့်ရက်များ ကုန်ဆုံးသည့်နေ့၏ နောက်တစ်နေ့ဖြစ်သော ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ ပြည်သူ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ကျော်ကျော်မောင်
ဥက္ကဋ္ဌ
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**မန္တလေးတိုင်းဒေသကြီးလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက်
(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်)

**၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် မန္တလေးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအား ထုတ်ပြန်ကြေညာခြင်း**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်က အတည်ပြုလက်မှတ်ရေးထိုးပြီးဖြစ်သော **၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် မန္တလေးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ** (၂၀၁၉ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၅။) အား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၆ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

အောင်ကျော်ဦး
ဥက္ကဋ္ဌ
မန္တလေးတိုင်းဒေသကြီးလွှတ်တော်

## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် မန္တလေးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

**(၂၀၁၉ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၅။)**

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်
(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်)

မန္တလေးတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အပိုင်း (၁)**

**အမည်နှင့် စတင်အကျိုးသက်ရောက်သည့်နေ့ရက်**

၁။　(က) ဤဥပဒေကို **၂၀၁၉ - ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် မန္တလေးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ** ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

## အပိုင်း (၂)

## တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ

၂။ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များသည် တိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ဆောင်ရွက်၍ ရသောရငွေများကို တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေသို့ပေးသွင်း၍ ထုတ်ပေးရန်ရှိသော အသုံးစရိတ်များကို တိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့် အသုံးစရိတ်များအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဤဥပဒေ၏ ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် အသုံးစရိတ်များကို ထိရောက်စွာ စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ အသုံးစရိတ်များကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄။ တိုင်းဒေသကြီးအဆင့် ဗဟိုအဖွဲ့အစည်းများ၊ ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

၅။ တိုင်းဒေသကြီးအဆင့် ဗဟိုအဖွဲ့အစည်းများ၊ ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များသည် ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသော ရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ ရသောရငွေများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သောပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

၆။ တိုင်းဒေသကြီးအဆင့် ဗဟိုအဖွဲ့အစည်းများ၊ ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များသည် အသုံးစရိတ်များကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသော အသုံးစရိတ်များအတွင်း ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ အရေးပေါ်ရန်ပုံငွေအသုံးစရိတ်များနှင့်စပ်လျဉ်း၍လည်းကောင်း တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

## အပိုင်း (၃)
## အရေးပေါ်ရန်ပုံငွေ

၇။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များသည် ဤဥပဒေပါ ဇယား (၄) တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီး ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာနနှင့် ယှဉ်တွဲဖော်ပြထားသည့် အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာရေးနှစ်အတွင်း ကြိုတင်မမျှော်မှန်းနိုင်သည့် ကိစ္စရပ်များနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာသည့် ကိစ္စရပ်များအတွက်သာလျှင် ဆောင်ရွက်ခွင့်ရှိသည်။

(ခ) ပုဒ်မခွဲ (က) အရ အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရသာ ခွင့်ပြုရမည်။

(ဂ) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ပုဒ်မခွဲ (က) အရ အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ အနီးကပ်ဆုံး ကျင်းပသော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသို့ တင်ပြရမည်။

## အပိုင်း (၄)
## တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့်များ

၈။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ဤဥပဒေ၏ ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် ဖော်ပြထားသော တိုင်းဒေသကြီးအဆင့် ဗဟိုအဖွဲ့အစည်းများ၊ ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေများနှင့် အသုံးစရိတ်များကို လုပ်ငန်းအရ လိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ထိုသို့ငွေများ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

၉။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် တိုင်းဒေသကြီးအဆင့် ဗဟိုအဖွဲ့အစည်းများ၊ ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုအစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။

၁၀။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်သော တိုင်းဒေသကြီးအဆင့်ဌာန၊ အဖွဲ့အစည်းတစ်ခုခု၏ လုပ်ငန်းစီမံချက်တစ်ရပ်ရပ်အတွက် ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေများနှင့်အညီ တိုင်းဒေသကြီးအတွက် ဆောင်ရွက်ခွင့်ရှိသည့် ပြည်ပမှငွေကြေးအကူအညီနှင့် အထောက်အပံ့တို့ကို ရယူဆောင်ရွက်နိုင်သည်။

၁၁။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်သော တိုင်းဒေသကြီးအဆင့် ဌာန၊ အဖွဲ့အစည်းတစ်ခုခု၏ လုပ်ငန်းစီမံချက် တစ်ရပ်ရပ်အတွက် ပြည်ပမှ ငွေချေးယူရန်အကြောင်းပေါ်ပေါက်ပါက ပြည်ထောင်စုကပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ ပြည်ပမှ ငွေချေးယူခြင်းကို တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ရယူပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက် ရယူဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

ဒေါက်တာဇော်မြင့်မောင်
ဝန်ကြီးချုပ်
မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

ဇယား (၁)
(ကျပ်သန်းပေါင်း)

## တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | ကြွေးမြီ | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | အခြားသာမန်ရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | တိုင်းဒေသကြီးအစိုးရအဖွဲ့ | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | | ၃၁,၃၃၁. ၆၉၈ | | | ၂,၈၀၀. ၀၀၀ | | | | ၃၄,၁၃၁. ၆၉၈ |
| ၂ | တိုင်းဒေသကြီးလွှတ်တော် | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | | | | | | | | | |
| ၃ | တိုင်းဒေသကြီးတရားလွှတ်တော် | တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်က တာဝန်ပေးသူ | | ၆၈၀. ၀၀၀ | | | | | | | ၆၈၀. ၀၀၀ |
| ၄ | တိုင်းဒေသကြီးဥပဒေချုပ်ရုံး | တိုင်းဒေသကြီးဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီးဥပဒေချုပ်က တာဝန်ပေးသူ | | ၂. ၁၂၈ | | | | | | | ၂. ၁၂၈ |
| ၅ | တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး | တိုင်းဒေသကြီးစာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီးစာရင်းစစ်ချုပ်က တာဝန်ပေးသူ | | ၁. ၉၀၉ | | | | | | | ၁. ၉၀၉ |
| | ပေါင်း | | | ၃၂,၀၁၅. ၇၃၅ | | | ၂,၈၀၀. ၀၀၀ | | | | ၃၄,၈၁၅. ၇၃၅ |

ဇယား (၂)
(ကျပ်သန်းပေါင်း)

## တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | ကြွေးမြီ | | | |
|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | ပြည်ထောင်စုထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | တိုင်းဒေသကြီးအစိုးရအဖွဲ့ | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | ၃၃,၉၁၂. ၉၅၂ | ၂,၈၀၀. ၀၀၀ | ၅၅,၀၂၃. ၄၄၅ | | | | ၉၁,၇၃၆. ၃၉၇ |
| ၂ | တိုင်းဒေသကြီးလွှတ်တော် | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၉၉၀. ၁၈၉ | | ၃၀. ၅၀၀ | | | | ၁,၀၂၀. ၆၈၉ |
| ၃ | တိုင်းဒေသကြီးတရားလွှတ်တော် | တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်က တာဝန်ပေးသူ | ၁၁၀. ၄၀၀ | | | | | | ၁၁၀. ၄၀၀ |
| ၄ | တိုင်းဒေသကြီးဥပဒေချုပ် | တိုင်းဒေသကြီးဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီးဥပဒေချုပ်က တာဝန်ပေးသူ | ၁,၂၀၀. ၉၅၁ | | ၁,၀၁၁. ၇၆၂ | | | | ၂,၂၁၂. ၇၁၃ |
| ၅ | တိုင်းဒေသကြီးစာရင်းစစ်ချုပ် | တိုင်းဒေသကြီးစာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီးစာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၁,၈၉၉. ၄၆၇ | | ၂၄၈. ၉၂၇ | | | | ၂,၁၄၈. ၃၉၄ |
| | **ပေါင်း** | | **၃၈,၁၁၃. ၉၅၉** | **၂,၈၀၀. ၀၀၀** | **၅၆,၃၁၄. ၆၃၄** | | | | **၉၇,၂၂၈. ၅၉၃** |

ဇယား (၃)
(ကျပ်သန်းပေါင်း)

## တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | ကြွေးမြီ | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | အခြားသာမန်ရငွေ | အရေးပေါ်ရန်ပုံငွေမှရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | | **ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများသုံးစွဲမှုအပေါ်တွင်ကောက်ခံသည့်အခွန်အကောက်** | **တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ** | **၄,၄၂၆. ၉၀၄** | | | | | | | | | **၄,၄၂၆. ၉၀၄** |
| | ၁ | ယစ်မျိုးခွန် | | ၄,၄၂၆. ၉၀၄ | | | | | | | | | ၄,၄၂၆. ၉၀၄ |
| ၂ | | **နိုင်ငံပိုင်ပစ္စည်းများအသုံးပြုသည့်အပေါ်ကောက်ခံသည့်အခွန်အကောက်** | **၎င်း** | **၂,၇၂၃. ၁၄၉** | | | | | | | | | **၂,၇၂၃. ၁၄၉** |
| | ၁ | မြေယာပေါ်တွင်ကောက်ခံသည့်အခွန် | | ၆၈၇. ၁၀၇ | | | | | | | | | ၆၈၇. ၁၀၇ |
| | ၂ | ရေခွန်နှင့် တာတမံခွန် | | ၆၇၀. ၄၂၂ | | | | | | | | | ၆၇၀. ၄၂၂ |
| | ၃ | သစ်တောများမှပစ္စည်းများထုတ်ယူသည့်အတွက်ကောက်ခံသည့်အခွန် | | ၈၈. ၁၅၈ | | | | | | | | | ၈၈. ၁၅၈ |
| | ၄ | ဓာတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက်ကောက်ခံသည့်အခွန် | | ၈၀၆. ၄၇၆ | | | | | | | | | ၈၀၆. ၄၇၆ |
| | ၅ | အင်းအိုင်ခွန် | | ၄၆၉. ၉၈၆ | | | | | | | | | ၄၆၉. ၉၈၆ |
| ၃ | | **စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များမှ ကောက်ခံသည့်အခွန်** | **၎င်း** | **၃၂,၆၀၆. ၅၂၄** | | | | | | | | | **၃၂,၆၀၆. ၅၂၄** |
| | ၁ | ပစ္စည်းခွန် | | ၈,၈၉၈. ၅၆၈ | | | | | | | | | ၈,၈၉၈. ၅၆၈ |
| | ၂ | ဘီးခွန် | | ၂၃,၇၀၇. ၉၅၆ | | | | | | | | | ၂၃,၇၀၇. ၉၅၆ |
| ၄ | | **ပြည်ထဲရေး** | **၎င်း** | | **၄၈. ၅၆၉** | | | | | | | | **၄၈. ၅၆၉** |
| | ၁ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | | ၁၈. ၀၆၇ | | | | | | | | ၁၈. ၀၆၇ |
| | ၂ | မီးသတ်ဦးစီးဌာန | | | ၃၀. ၅၀၂ | | | | | | | | ၃၀. ၅၀၂ |
| ၅ | | **ပြည်ထောင်စုအစိုးရအဖွဲ့ရုံး** | **၎င်း** | | **၄၆. ၄၆၇** | | | | | | | | **၄၆. ၄၆၇** |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | | ၄၆. ၄၆၇ | | | | | | | | ၄၆. ၄၆၇ |

ဇယား (၃) အဆုံး
(ကျပ်သန်းပေါင်း)

## တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | အခြားသာမန်ရငွေ | အရေးပေါ်ရန်ပုံငွေမှရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ကြွေးမြီ - ထုတ်ချေးငွေအတွက်ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | ကြွေးမြီ - အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| **၆** | | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း** | **တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ** | | **၃၈၅. ၆၄၀** | | | | | | | | **၃၈၅. ၆၄၀** |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | | ၈၄. ၅၅၀ | | | | | | | | ၈၄. ၅၅၀ |
| | ၂ | ငါးလုပ်ငန်းဦးစီးဌာန | | | ၁၂. ၉၂၀ | | | | | | | | ၁၂. ၉၂၀ |
| | ၃ | မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | | | ၂၆၁. ၅၆၈ | | | | | | | | ၂၆၁. ၅၆၈ |
| | ၄ | သမဝါယမဦးစီးဌာန | | | ၁၀. ၃၂၀ | | | | | | | | ၁၀. ၃၂၀ |
| | ၅ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | | ၁၆. ၂၈၀ | | | | | | | | ၁၆. ၂၈၀ |
| **၇** | | **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | **ရှင်း** | | **၇၉. ၁၆၀** | | | | | | | | **၇၉. ၁၆၀** |
| | ၁ | သစ်တောဦးစီးဌာန | | | ၇၈. ၉၆၀ | | | | | | | | ၇၈. ၉၆၀ |
| | ၂ | အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန | | | ၀. ၁၀၀ | | | | | | | | ၀. ၁၀၀ |
| | ၃ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | | ၀. ၁၀၀ | | | | | | | | ၀. ၁၀၀ |
| **၈** | | **ကျန်းမာရေးနှင့် အားကစား** | **ရှင်း** | | **၉၄. ၈၀၀** | | | | | | | | **၉၄. ၈၀၀** |
| | ၁ | အားကစားနှင့် ကာယပညာဦးစီးဌာန | | | ၉၄. ၈၀၀ | | | | | | | | ၉၄. ၈၀၀ |
| **၉** | | **စီမံကိန်းနှင့် ဘဏ္ဍာရေး** | **ရှင်း** | | **၀. ၀၃၇** | **၁,၀၀၀. ၀၀၀** | | | **၁၃၇,၀၇၇. ၇၈၉** | | | | **၁၃၈,၀၇၇. ၈၂၆** |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | | ၀. ၀၃၆ | | | | | | | | ၀. ၀၃၆ |
| | ၂ | ဗဟိုစာရင်းအင်းအဖွဲ့ | | | ၀. ၀၀၁ | | | | | | | | ၀. ၀၀၁ |
| | ၃ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | | | ၁,၀၀၀. ၀၀၀ | | | ၁၃၇,၀၇၇. ၇၈၉ | | | | ၁၃၈,၀၇၇. ၇၈၉ |
| **၁၀** | | **ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန** | **ရှင်း** | | **၂. ၀၀၀** | | | | | | | | **၂. ၀၀၀** |
| | ၁ | ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | | | ၂. ၀၀၀ | | | | | | | | ၂. ၀၀၀ |
| **၁၁** | | **ဆောက်လုပ်ရေး** | **ရှင်း** | | **၄၃၀. ၁၃၄** | | | | | | | | **၄၃၀. ၁၃၄** |
| | ၁ | မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | | ၃၂၄. ၀၁၀ | | | | | | | | ၃၂၄. ၀၁၀ |
| | ၂ | လမ်းဦးစီးဌာန | | | ၁၀၅. ၃၂၄ | | | | | | | | ၁၀၅. ၃၂၄ |
| | ၃ | ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန | | | ၀. ၈၀၀ | | | | | | | | ၀. ၈၀၀ |
| **၁၂** | | **မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ** | **ရှင်း** | | **၄၆,၆၀၇. ၉၁၉** | | **၂၄,၂၁၁. ၆၉၀** | **၉,၅၇၅. ၀၁၅** | | | **၄၆,၁၇၉. ၁၅၀** | **၆၀၀. ၀၀၀** | **၁၂၇,၁၇၃. ၇၇၄** |
| **၁၃** | | **စည်ပင်သာယာရေးအဖွဲ့များ** | **ရှင်း** | | **၂၁,၇၈၅. ၀၂၀** | | | | | | | | **၂၁,၇၈၅. ၀၂၀** |
| | | **ပေါင်း** | | **၃၉,၇၆၆. ၅၇၇** | **၆၉,၄၇၉. ၇၄၆** | **၁,၀၀၀. ၀၀၀** | **၂၄,၂၁၁. ၆၉၀** | **၉,၅၇၅. ၀၁၅** | **၁၃၇,၀၇၇. ၇၈၉** | | **၄၆,၁၇၉. ၁၅၀** | **၆၀၀. ၀၀၀** | **၃၂၇,၈၈၉. ၉၆၇** |

ဇယား (၄)
(ကျပ်သန်းပေါင်း)

## တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အရေးပေါ်ရန်ပုံငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | | |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| **၁** | | **ပြည်ထဲရေး** | တိုင်းဒေသကြီးဝန်ကြီးချုပ်သို့မဟုတ် | **၄,၁၁၂. ၁၁၀** | | | **၂,၇၈၇. ၂၁၄** | | | | **၆,၈၉၉. ၃၂၄** |
| | ၁ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | ၄၁၇. ၂၀၃ | | | ၂၂. ၈၅၀ | | | | ၄၄၀. ၀၅၃ |
| | ၂ | မီးသတ်ဦးစီးဌာန | တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | ၃,၆၉၄. ၉၀၇ | | | ၂,၇၆၄. ၃၆၄ | | | | ၆,၄၅၉. ၂၇၁ |
| **၂** | | **ပြည်ထောင်စုအစိုးရအဖွဲ့ရုံး** | **ရင်း** | **၁၀,၈၀၀. ၆၃၁** | | **၁၅. ၀၀၀** | **၄၀၂. ၆၉၈** | | | | **၁၁,၂၁၈. ၃၂၉** |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | ၁၀,၈၀၀. ၆၃၁ | | ၁၅. ၀၀၀ | ၄၀၂. ၆၉၈ | | | | ၁၁,၂၁၈. ၃၂၉ |
| **၃** | | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း** | **ရင်း** | **၇,၅၁၃. ၄၄၁** | | | **၇၅၅. ၆၃၃** | | | | **၈,၂၆၉. ၀၇၄** |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | ၄,၁၅၃. ၀၁၇ | | | ၃၅၂. ၀၃၉ | | | | ၄,၅၀၅. ၀၅၆ |
| | ၂ | ငါးလုပ်ငန်းဦးစီးဌာန | | ၂၆၂. ၂၁၆ | | | ၁၉၁. ၈၆၄ | | | | ၄၅၄. ၀၈၀ |
| | ၃ | မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | | ၁,၀၇၁. ၀၁၅ | | | ၁၁၆. ၀၅၅ | | | | ၁,၁၈၇. ၀၇၀ |
| | ၄ | သမဝါယမဦးစီးဌာန | | ၁,၈၅၁. ၃၂၁ | | | ၃၄. ၂၅၆ | | | | ၁,၈၈၅. ၅၇၇ |
| | ၅ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | ၁၇၅. ၈၇၂ | | | ၆၁. ၄၁၉ | | | | ၂၃၇. ၂၉၁ |
| **၄** | | **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | **ရင်း** | **၄,၄၃၁. ၄၂၄** | | | **၃,၀၈၅. ၉၃၇** | | | | **၇,၅၁၇. ၃၆၁** |
| | ၁ | သစ်တောဦးစီးဌာန | | ၂,၆၀၉. ၉၄၁ | | | | | | | ၂,၆၀၉. ၉၄၁ |
| | ၂ | အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန | | ၁,၄၅၅. ၀၉၄ | | | ၉၉၉. ၂၈၅ | | | | ၂,၄၅၄. ၃၇၉ |
| | ၃ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | ၃၆၆. ၃၈၉ | | | ၂,၀၈၆. ၆၅၂ | | | | ၂,၄၅၃. ၀၄၁ |
| **၅** | | **ကျန်းမာရေးနှင့် အားကစား** | **ရင်း** | **၁,၄၅၂. ၂၇၅** | | | **၂,၂၈၈. ၆၆၀** | | | | **၃,၇၄၀. ၉၃၅** |
| | ၁ | အားကစားနှင့် ကာယပညာဦးစီးဌာန | | ၁,၄၅၂. ၂၇၅ | | | ၂,၂၈၈. ၆၆၀ | | | | ၃,၇၄၀. ၉၃၅ |
| **၆** | | **စီမံကိန်းနှင့် ဘဏ္ဍာရေး** | **ရင်း** | **၁၄,၉၅. ၉၁၂** | **၁,၀၀၀. ၀၀၀** | | **၇၀၂. ၂၆၁** | | | | **၃,၁၉၈. ၁၇၃** |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၁,၁၅၃. ၉၀၉ | | | ၆၇၇. ၆၀၁ | | | | ၁,၈၃၁. ၅၁၀ |
| | ၂ | ဗဟိုစာရင်းအင်းအဖွဲ့ | | ၂၄၃. ၉၅၅ | | | ၂၄. ၆၆၀ | | | | ၂၆၈. ၆၁၅ |
| | ၃ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | ၉၈. ၀၄၈ | ၁,၀၀၀. ၀၀၀ | | | | | | ၁,၀၉၈. ၀၄၈ |
| **၇** | | **ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန** | **ရင်း** | **၁၀၇. ၅၅၆** | | | | | | | **၁၀၇. ၅၅၆** |
| | ၁ | ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | | ၁၀၇. ၅၅၆ | | | | | | | ၁၀၇. ၅၅၆ |
| **၈** | | **ဆောက်လုပ်ရေး** | **ရင်း** | **၂၄,၇၂၄. ၂၂၇** | | | **၁၈,၂၂၆. ၈၁၂** | | | | **၄၂,၉၅၁. ၀၃၉** |
| | ၁ | မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | ၆၆၆. ၇၆၈ | | | ၄,၈၁၈. ၇၄၈ | | | | ၅,၄၈၅. ၅၁၆ |
| | ၂ | လမ်းဦးစီးဌာန | | ၂၁,၉၆၁. ၃၃၃ | | | ၅,၀၆၃. ၉၄၈ | | | | ၂၇,၀၂၅. ၂၈၁ |
| | ၃ | ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန | | ၂,၀၉၆. ၁၂၆ | | | ၈,၃၄၄. ၁၁၆ | | | | ၁၀,၄၄၀. ၂၄၂ |
| **၉** | | **မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ** | **ရင်း** | **၅၂,၀၉၇. ၇၁၁** | | | **၁၀၆,၉၀၆. ၁၄၃** | | | | **၁၅၉,၀၀၃. ၈၅၄** |
| **၁၀** | | **စည်ပင်သာယာရေးအဖွဲ့များ** | **ရင်း** | **၁၀,၅၃၃. ၂၆၉** | | | **၁၂,၀၃၈. ၁၉၅** | | | | **၂၂,၅၇၁. ၄၆၄** |
| | | **ပေါင်း** | | **၁၁၇,၂၆၈. ၅၅၆** | **၁,၀၀၀. ၀၀၀** | **၁၅. ၀၀၀** | **၁၄၇,၁၉၃. ၅၅၃** | | | | **၂၆၅,၄၇၇. ၁၀၉** |

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက် ( ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၀ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်
(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်)

အမှတ် ၁၆ ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်စွဲပါ စာအမှတ်၊ ၉၅၂/ရအဖ-၂/၄၀၃/၂၀၁၉/တမ-၂ ကိုညွှန်းလျက် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်စွဲပါ စာအမှတ်၊ ၀၄၇/၁-နစရ/ဝကရ (၂၀၀၇) အရ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်၊ ရန်ကုန်မှ အောက်ဖော်ပြပါ နည်းပြ/သရုပ်ပြ (၁၅) ဦးတို့အား လက်ထောက်ကထိကရာထူးသို့ ယှဉ်တွဲဖော်ပြပါအတိုင်း အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည်၊ ရာထူး၊ ဌာန၊ လစာနှုန်း | တိုးမြှင့်ခန့်ထားမည့်ရာထူး၊ ဌာန၊ လစာနှုန်း |
|---|---|---|
| ၁။ | ဒေါက်တာခိုင်ဇော်ဦး<br>နည်းပြ<br>မြန်မာစာဌာန<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) | လက်ထောက်ကထိက<br>မြန်မာစာဌာန<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| ၂။ | ဦးစိုးမင်းအောင်<br>နည်းပြ<br>မြန်မာစာဌာန<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) | လက်ထောက်ကထိက<br>မြန်မာစာဌာန<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| ၃။ | ဒေါ်သဇင်ခိုင်<br>နည်းပြ<br>မြန်မာစာဌာန<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) | လက်ထောက်ကထိက<br>မြန်မာစာဌာန<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| ၄။ | ဒေါ်ခိုင်မြတ်ဖြိုးဝင်း<br>နည်းပြ<br>အင်္ဂလိပ်စာဌာန<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) | လက်ထောက်ကထိက<br>အင်္ဂလိပ်စာဌာန<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |

| စဉ် | အမည်၊ ရာထူး၊ ဌာန၊ လစာနှုန်း | တိုးမြှင့်ခန့်ထားမည့်ရာထူး၊ ဌာန၊ လစာနှုန်း |
|---|---|---|
| ၅။ | ဒေါ်နွယ်နီဝင်း<br>နည်းပြ<br>အင်္ဂလိပ်စာဌာန<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) | <br>လက်ထောက်ကထိက<br>အင်္ဂလိပ်စာဌာန<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| ၆။ | ဒေါ်ယမင်းသိမ့်<br>နည်းပြ<br>ပထဝီဝင်ဌာန<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) | <br>လက်ထောက်ကထိက<br>ပထဝီဝင်ဌာန<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| ၇။ | ဒေါ်ယုနန္ဒာစိုး<br>နည်းပြ<br>ပထဝီဝင်ဌာန<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) | <br>လက်ထောက်ကထိက<br>ပထဝီဝင်ဌာန<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| ၈။ | ဒေါ်ယုမမသိမ့်<br>နည်းပြ<br>ပထဝီဝင်ဌာန<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) | <br>လက်ထောက်ကထိက<br>ပထဝီဝင်ဌာန<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| ၉။ | ဒေါ်နော်စပယ်လှိုင်<br>နည်းပြ<br>သမိုင်းဌာန<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) | <br>လက်ထောက်ကထိက<br>သမိုင်းဌာန<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| ၁၀။ | ဒေါ်နှင်းမာလွင်<br>နည်းပြ<br>သင်္ချာဌာန<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) | <br>လက်ထောက်ကထိက<br>သင်္ချာဌာန<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| ၁၁။ | ဒေါ်သန်းသန်းထွေး<br>နည်းပြ<br>စီးပွားရေးပညာဌာန<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) | <br>လက်ထောက်ကထိက<br>စီးပွားရေးပညာဌာန<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| ၁၂။ | ဒေါက်တာတင်ထွန်း (ခ) ဉာဏ်ထွန်း<br>နည်းပြ<br>တိုင်းရင်းသားရေးရာဌာန<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) | <br>လက်ထောက်ကထိက<br>တိုင်းရင်းသားရေးရာဌာန<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| ၁၃။ | ဒေါ်အေးသီတာ<br>နည်းပြ<br>တိုင်းရင်းသားရေးရာဌာန<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) | <br>လက်ထောက်ကထိက<br>တိုင်းရင်းသားရေးရာဌာန<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| ၁၄။ | ဒေါ်ထားအဥ္စလီ<br>နည်းပြ<br>ကွန်ပျူတာသိပ္ပံဌာန<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) | <br>လက်ထောက်ကထိက<br>ကွန်ပျူတာသိပ္ပံဌာန<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |

| စဉ် | အမည်၊ ရာထူး၊ ဌာန၊ လစာနှုန်း | တိုးမြှင့်ခန့်ထားမည့်ရာထူး၊ ဌာန၊ လစာနှုန်း |
|---|---|---|
| ၁၅။ | ဒေါ်နွယ်နီခင်<br>နည်းပြ<br>ကွန်ပျူတာသိပ္ပံဌာန<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) | <br>လက်ထောက်ကထိက<br>ကွန်ပျူတာသိပ္ပံဌာန<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |

သိန်းဌေးဦး
ညွှန်ကြားရေးမှူးချုပ်
ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

### အမိန့်ကြော်ငြာစာ (၉၇/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၁၅ ရက်
(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်)

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၊ ကုန်းကလေးကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-၅၂/ကြေးတိုင်ပြင်ကွင်း၊ ဦးပိုင်အမှတ် (N-၁၂၉)၊ **မြေဧရိယာ ၄. ၉၉ ဧက** အား **ဂျုတ်စမ်းတောရဝိဇ္ဇောဓယသာသနာ့ကုန်းမြေဓမ္မရိပ်သာကျောင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ-၃၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

### အမိန့်ကြော်ငြာစာ (၉၈/၂၀၁၉)

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၊ ထောက်ကြန့်ကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-၅၄/ကြေးတိုင်ပြင်ကွင်း၊ ဦးပိုင်အမှတ် (N-၁၀၆)၊ **မြေဧရိယာ ၄၀. ၂၁ ဧက** အား **ဂျုတ်စမ်းတောရဝိဇ္ဇောဓယသာသနာ့ကုန်းမြေဓမ္မရိပ်သာကျောင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ-၃၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

မြင့်သန်း
ညွှန်ကြားရေးမှူးချုပ်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)

၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၉ ရက်
(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်)

အမှတ် ၂၂ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်စွဲပါ စာအမှတ်-၁/၁၉၀ (က) (၄) (၃၂၁၇/၂၀၁၉) (လဆ) အရ နေပြည်တော်၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)၊ ဖြည့်တင်းရေးဌာနခွဲမှ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ညွှန်ကြားရေးမှူး (မြို့ပြ)၊ ဦးတင့်လွင် (ခ) သက်အောင် အား လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀)၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (အောက်မြန်မာပြည်) ရာထူးသို့ စတင်သတင်းပို့ တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

အမှတ် ၂၃ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်စွဲပါ စာအမှတ်-၁/၁၉၀ (က) (၄) (၃၂၁၈/၂၀၁၉) (လဆ) အရ

ရန်ကုန်မြို့၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး (၉)၊ ညွှန်ကြားရေးမှူးရုံးမှ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)၊ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ)၊ ဦးကောင်းမြတ်သိန်း အား လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ညွှန်ကြားရေးမှူး (မြို့ပြ) ရာထူးသို့ စတင်သတင်းပို့တာဝန် ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

ဗိုလ်ဗိုလ်ကျော်
ညွှန်ကြားရေးမှူးချုပ်
ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန

## မြန်မာ့စီးပွားရေးဘဏ် (ရုံးချုပ်)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၆ ရက်
(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်)

အမှတ် ၄၄ ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်စွဲပါ စာအမှတ်၊ စဘစ/ဘဏ္ဍာ-၁/၂/၄-၁ (၈၃၅၉/၂၀၁၉) အရ မြန်မာ့စီးပွားရေးဘဏ်မှ အောက်ဖော်ပြပါ ကြီးကြပ်ရေးမှူးများအား ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့ နံနက်ပိုင်းမှစ၍ လက်ထောက်မန်နေဂျာ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးသို့ တိုးမြှင့်ခန့်ထားလိုက်သည်။ ၎င်းတို့သည် ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့မှစ၍ လက်ထောက်မန်နေဂျာ ရာထူး၏ ကနဦးလစာ (ကျပ် - ၂၇၅,၀၀၀/-) ကို ခံစားရန်ဖြစ်သည်။

(နေရာချထားရေးနှင့်ပတ်သက်၍ ရုံးအမိန့်စာ ထပ်မံထုတ်ပြန်မည်ဖြစ်ရာ အဆိုပါရုံးအမိန့်စာ မရမီ လက်ရှိနေရာတွင်ပင် ယာယီဆက်လက်တာဝန်ထမ်းဆောင်ရန်ဖြစ်သည်။)

| စဉ် | အမည် | | လက်ရှိတာဝန်ထမ်းဆောင်နေသည့်နေရာ |
|---|---|---|---|
| ၁ | ဒေါ်ခင်ညိုညိုအေး | (ID - 01712) | ကျိုင်းတုံခရိုင်ဘဏ်ခွဲ |
| ၂ | ဒေါ်နှင်းအိလွင် | (ID - 01552) | ဟသ်ာတခရိုင်ဘဏ်ခွဲ |
| ၃ | ဦးလျှန်ကျင့်ခမ် | (ID - 02436) | တီးတိန်မြို့နယ်ဘဏ်ခွဲ |
| ၄ | ဒေါ်သန်းသန်းအေး | (ID - 05073) | ဟသ်ာတခရိုင်ဘဏ်ခွဲ |
| ၅ | ဒေါ်ဇော်းညွယ် | (ID - 02014) | ကချင်ပြည်နယ်ရုံး |
| ၆ | ဦးဂိုရှန်းမုန် | (ID - 02068) | တွန်းဇံမြို့နယ်ဘဏ်ခွဲ |
| ၇ | ဦးမျိုးမြင့်လွင် | (ID - 02281) | မတူပီမြို့နယ်ဘဏ်ခွဲ |
| ၈ | ဒေါ်ပြုံးပြုံးလွင် | (ID - 02496) | ဘဏ်ခွဲ (၁) ရန်ကုန်မြို့ |
| ၉ | ဒေါ်ထွေးထွေးကလျာ | (ID - 02473) | ချေးငွေစိစစ်ကြီးကြပ်ကွပ်ကဲရေးဌာနခွဲ |
| ၁၀ | ဦးစိုးညွန့်ခိုင် | (ID - 01906) | မွန်ပြည်နယ်ရုံး |
| ၁၁ | ဒေါ်တင်ဌေးမာ | (ID - 01276) | သုံးခွမြို့နယ်ဘဏ်ခွဲ |
| ၁၂ | ဒေါ်စန္ဒာဝင်း | (ID - 02161) | မန္တလေးတိုင်းဒေသကြီးရုံး |
| ၁၃ | ဒေါ်ခိုင်နွယ်စိုး | (ID - 05009) | လေးမျက်နှာမြို့နယ်ဘဏ်ခွဲ |
| ၁၄ | ဒေါ်မြင့်မြင့်အေး | (ID - 02034) | တောင်ငူခရိုင်ဘဏ်ခွဲ |
| ၁၅ | ဒေါ်ဝါဝါသန်း | (ID - 03024) | တပ်ကုန်းမြို့နယ်ဘဏ်ခွဲ |

ဝင်းနိုင်ဦး
အထွေထွေမန်နေဂျာ
မြန်မာ့စီးပွားရေးဘဏ်

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

| ရန်ကုန်မြို့ | ၁၃၈၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်<br>( ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၀ ရက် ) | **သောကြာနေ့** |
|---|---|---|

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

**Lucky Food Co., Ltd**

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၃၄၈ အရ

အစုရှင်များ၏ ဆန္ဒအလျောက် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းကြောင်းကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သော အထွေထွေ အစည်းအဝေး ချမှတ်သည့် အထူးဆုံးဖြတ်ချက်အရ **Lucky Food Co.,Ltd** ကို အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် (၃-၁-၂၀၂၀) နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။ ယင်းကဲ့သို့ စာရင်းရှင်းလင်းဖျက်သိမ်းရာ၌ လက်မှတ်ရ ပြည်သူ့စာရင်းကိုင် ဒေါ်မြနု [B. Com (Q), CPA] အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ ဦးဝင်းကျော် (B. Com, D.A) အား လက်ထောက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ရန် ဆုံးဖြတ်ကြပါသည်။

သို့ဖြစ်ပါ၍ ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ (၁၀) ရက်နေ့ နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းရေးအရာရှိထံ အထောက်အထားခိုင်လုံစွာတင်ပြပြီး တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

| ဦးဝင်းကျော် | ဒေါ်မြနု |
|---|---|
| (B. Com, D.A) | [B. Com (Q), CPA] |
| လက်ထောက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |

## Golden Myanmar Phoenix Co., Ltd

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၃၄၈ အရ
အစုရှင်များ၏ ဆန္ဒအလျောက် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းကြောင်းကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သော အထွေထွေအစည်းအဝေးတွင် ချမှတ်သည့် အထူးဆုံးဖြတ်ချက်အရ **Golden Myanmar Phoenix Co.,Ltd** ကို အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် (၂-၁-၂၀၂၀) နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။ ယင်းကဲ့သို့ စာရင်းရှင်းလင်းဖျက်သိမ်းရာ၌ လက်မှတ်ရပြည်သူ့စာရင်းကိုင် ဒေါ်မြနု [B. Com (Q), CPA] အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ ဦးဝင်းကျော် (B. Com, D.A) အား လက်ထောက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ရန် ဆုံးဖြတ်ကြပါသည်။

သို့ဖြစ်ပါ၍ ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ (၁၀) ရက်နေ့နောက်ဆုံးထား၍ ဖော်ပြပါစာရင်းရှင်းလင်းရေးအရာရှိထံ အထောက်အထားခိုင်လုံစွာတင်ပြပြီး တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများပြုလုပ်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| ဦးဝင်းကျော် | ဒေါ်မြနု |
| (B. Com, D.A) | [B. Com (Q), CPA] |
| လက်ထောက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |

No.334/344, Anawrahta Road, Bagan Housing, Lanmadaw Township, Yangon, Myanmar
Tel: 01-227002, 227697, 227387, 09-8650120 Fax: 95-1-22702, 227697
Email: nilaynaing. lay 35 @ gmail.com website: http://www. nilaynaing.com

## Quahe Woo & Palmer (Myanmar) Company Limited

(Members' Voluntary Winding up)
Invitation to Final General Meeting

Pursuant to Section 357 of Myanmar Companies Law, the Final General Meeting of **Quahe Woo & Palmer (Myanmar) Company Limited** which is in the course of winding up will be held and the member is cordially invited to attend the Final General Meeting according to the following schedule.

Date : 10-2-2020

Time : 10:30 am

Place : No. 29, 3rd Floor, (35) Street, Kyauktada Township, Yangon, Myanmar.

Daw Thiri
(Advocate)
Liquidator

29, 3rd Floor, 35th Street,
Kyauktada Township,
Yangon, Myanmar

We do not accept service of court documents by fax.
Quahe Woo & Palmer (Myanmar) Co., Ltd (Permit No. 761 FC/2016-2017 (YGN)
is registered in Myanmar with limited liability

## ဂလိုဘယ် မားကတ်တီး အင်(န်)တဲ့လစ်ဂျဲ့(န်ထ်) ကုမ္ပဏီလီမိတက်

## (Global Marketing Intelligent Company Limited)

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ

ကုမ္ပဏီကို အစုရှယ်ယာရှင်များဆန္ဒအလျောက်ဖျက်သိမ်းရန်ကြော်ငြာခြင်း

၁။ **ဂလိုဘယ် မားကတ်တီး အင်(န်)တဲ့လစ်ဂျဲ့(န်ထ်) ကုမ္ပဏီလီမိတက် (Global Marketing Intelligent Company Limited)** ကို အစုရှင်များ၏ ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၇. ၁. ၂၀၂၀) ရက်နေ့က ကုမ္ပဏီတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးကျော်ဝင်း (B.Sc., H.G.P., R.L)၊ အမှတ်-၅၀/ပထမထပ်၊ အခန်း (စီ-၁)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့အား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန် ဆုံးဖြတ်ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို (၁၀. ၂. ၂၀၂၀) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| ဦးစိုင်းကျော်သီဟ | ဦးကျော်ဝင်း |
| မန်နေးဂျင်းဒါရိုက်တာ | (B.Sc., H.G.P., R.L) |
| ဂလိုဘယ် မားကတ်တီးအင်(န်)တဲ့လစ်ဂျဲ့(န်ထ်) ကုမ္ပဏီလီမိတက် | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |
| ဒါရိုက်တာအဖွဲ့ကိုယ်စား | ဖုန်း-၀၉-၇၃၁၁၂၉၇၃ |

No.113, G.E.M.S Garden Condo, Insein Road, Thazin St, Hlaing Township, Yangon, Myanmar.
Mobile: 09-420302661, 09-777333249, 09-964666555,
Email: globalmintertrade. myanmar @ gmail. com

## အေဘီစီ-တူးစီတူးပီ ကုမ္ပဏီလီမိတက်

## (ABC-2C2P Company Limited)

အစုရှင်များဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **အေဘီစီ-တူးစီတူးပီ ကုမ္ပဏီလီမိတက် (ABC-2C2P Company Limited)** အား (၃. ၁. ၂၀၂၀) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်နွဲ့ယဉ်ဝင်း (B.Com, CPA) အား စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို တစ်လအတွင်း ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| ဦးဇော်လတ် | ဒေါ်နွဲ့ယဉ်ဝင်း |
| ဒါရိုက်တာ | (B. Com, CPA) |
| အေဘီစီ-တူးစီတူးပီ ကုမ္ပဏီလီမိတက် | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |

ABC-2C2P Co., Ltd
No. 151, Yaw Gi Kyaung Street, 11 Ward, Hlaing Township, Yangon, 11051

Notice of Special Resolution

**CCPH CO., LTD**

For Members' Voluntary Winding-up

Pursuant to Section 348 of Myanmar Companies Law

1. Under the Special Resolution passed on 7-1-2020, the Company is placed under voluntary liquidation, and U Khin Win (Business & Legal Consultant) has been appointed Liquidator of the Company.

2. Therefore all creditors and debtors of the Company hereby are notified to claim with evidence or to pay, if any, to the above-mentioned Liquidator to the address mentioned hereunder within 10-2-2020.

| | |
|---|---|
| Mr. Ting Lin Shiang, Desmond | ဦးခင်ဝင်း |
| (Chen Linxiang) | [B.A, H.G.P, R.L, D.B.L, D.I.L, D.M.L |
| | P.G.D.I.T (New Delhi); D:Jap; M.P.A, M.A (B.L)] |
| | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |

**Liquidator's Office -** No. 175 (first floor), 48th Street, Botahtaung Township, Yangon, Myanmar
(Phone - 095008583)

Notice of Special Resolution

**ALC CO., LTD**

For Members' Voluntary Winding-up

Pursuant to Section 348 of Myanmar Companies Law

1. Under the Special Resolution passed on 7-1-2020, the Company is placed under voluntary liquidation, and U Khin Win (Business & Legal Consultant) has been appointed Liquidator of the Company.

2. Therefore all creditors and debtors of the Company hereby are notified to claim with evidence or to pay, if any, to the above-mentioned Liquidator to the address mentioned hereunder within 10-1-2020.

| | |
|---|---|
| Mr. Ting Lin Shiang, Desmond | ဦးခင်ဝင်း |
| (Chen Linxiang) | [B.A, H.G.P, R.L, D.B.L, D.I.L, D.M.L |
| | P.G.D.I.T (New Delhi); D:Jap; M.P.A, M.A (B.L)] |
| | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |

**Liquidator's Office -** No. 175 (first floor), 48th Street, Botahtaung Township, Yangon, Myanmar
(Phone - 095008583)

Notice of Special Resolution

**KLWM CO., LTD**

For Members' Voluntary Winding-up

Pursuant to Section 348 of Myanmar Companies Law

1. Under the Special Resolution passed on 7-1-2020, the Company is placed under voluntary liquidation, and U Khin Win (Business & Legal Consultant) has been appointed Liquidator of the Company.

2. Therefore all creditors and debtors of the Company hereby are notified to claim with evidence or to pay, if any, to the above-mentioned Liquidator to the address mentioned hereunder within 10-2-2020.

Mr. Ting Lin Shiang, Desmond
(Chen Linxiang)

ဦးခင်ဝင်း
[B.A, H.G.P, R.L, D.B.L, D.I.L, D.M.L
P.G.D.I.T (New Delhi); D:Jap; M.P.A, M.A (B.L)]
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**Liquidator's Office -** No. 175 (first floor), 48th Street, Botahtaung Township, Yangon, Myanmar (Phone - 095008583)

Notice of Special Resolution

**DTAT CO., LTD**

For Members' Voluntary Winding-up

Pursuant to Section 348 of Myanmar Companies Law

1. Under the Special Resolution passed on 7-1-2020, the Company is placed under voluntary liquidation, and U Khin Win (Business & Legal Consultant) has been appointed Liquidator of the Company.

2. Therefore all creditors and debtors of the Company hereby are notified to claim with evidence or to pay, if any, to the above-mentioned Liquidator to the address mentioned hereunder within 10-2-2020.

Mr. Ting Lin Shiang, Desmond
(Chen Linxiang)

ဦးခင်ဝင်း
[B.A, H.G.P, R.L, D.B.L, D.I.L, D.M.L
P.G.D.I.T (New Delhi); D:Jap; M.P.A, M.A (B.L)]
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**Liquidator's Office -** No. 175 (first floor), 48th Street, Botahtaung Township, Yangon, Myanmar (Phone - 095008583)

Notice of Special Resolution

**H2O CO., LTD**

For Members' Voluntary Winding-up

Pursuant to Section 348 of Myanmar Companies Law

1. Under the Special Resolution passed on 7-1-2020, the Company is placed under voluntary liquidation, and U Khin Win (Business & Legal Consultant) has been appointed Liquidator of the Company.

2. Therefore all creditors and debtors of the Company hereby are notified to claim with evidence or to pay, if any, to the above-mentioned Liquidator to the address mentioned hereunder within 10-2-2020.

Mr. Ting Lin Shiang, Desmond
(Chen Linxiang)

ဦးခင်ဝင်း
[B.A, H.G.P, R.L, D.B.L, D.I.L, D.M.L
P.G.D.I.T (New Delhi); D:Jap; M.P.A, M.A (B.L)]
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**Liquidator's Office** - No. 175 (first floor), 48th Street, Botahtaung Township, Yangon, Myanmar
(Phone - 095008583)

**ပါကျွန်းဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်**

**(Par Kyun Construction Company Limited)**

မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေပုဒ်မ - ၃၄၈ အရ

ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းကြောင်း ကြေညာခြင်း

သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးဆုံးဖြတ်ချက်အရ **ပါကျွန်းဆောက်လုပ်ရေး ကုမ္ပဏီလီမိတက် (Par Kyun Construction Company Limited)** အား (၈. ၁. ၂၀၂၀) နေ့မှစတင်၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

ဦးကျော်ညွန့် (B.A, R.A, D.M.A, H.G.P) အမှတ် (၂၃)၊ (၄) လွှာ၊ ဦးချစ်မောင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှရရန်နှင့် ပေးရန်ရှိသည်များကို (၈. ၂. ၂၀၂၀) ရက်နေ့အထိ နောက်မကျစေဘဲ ဖော်ပြပါ တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ အထောက်အထားခိုင်လုံစွာဖြင့် တင်ပြနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဦးပါကျွန်း
မန်နေးဂျင်း ဒါရိုက်တာ
ပါကျွန်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်၏
ဒါရိုက်တာအဖွဲ့ (ကိုယ်စား)

ဦးကျော်ညွန့်
(B.A, R.A, D.M.A, H.G.P)
Certified Public Accountant & Auditor
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
No (23), 4th Floor, U Chit Maung Road,
Bahan Township, Yangon.